mgyoe.com
SAMPLE BOOK

# နိုင်းမြစ်ပေါ်က လူသတ်မှု

လင်းခန့်
ဘာသာပြန်သည်

# Death On The Nile

Agatha Christie



mgyoe.com


mgyoe.com

SAMPLE BOOK

# နိုင်းမြစ်ပေါ်က လူသတ်မှု

ဝင်းသိန်း

ဘာသာပြန်သည်



# DEATH ON THE NILE

AGATHA CHRISTIE

ISBN 978-99971-44-16-4

K0403

9 789997 144164 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - မတ်လ၊ ၂၀၂၀ ပြည့်နှစ်။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- ဇော်မောင်

တန်ဖိုး ၁၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်းမြစ်ပေါ်က လူသတ်မှု

လင်းခန့် (ဘာသာပြန်သည်)

Death on the Nile by Agatha Christie



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်

အဂ္ဂါသာခရစ္စတီး၏ နာမည်ရင်းမှာ အဂ္ဂါသာမေရီကလာရစ်ဆာမီးလား ဖြစ်သည်။ အင်္ဂလန်နိုင်ငံ၊ ဒက်ဗွန်ရှိုင်းယားပြည်နယ် တော်ကေးမြို့တွင် ၁၈၉၀ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၌ ချမ်းသာကြွယ်ဝသော မိသားစုတစ်ခုက မွေးဖွားခဲ့ပြီး သားသမီးသုံးယောက်ထဲတွင် အငယ်ဆုံး ဖြစ်သည်။

ငယ်စဉ်က မိခင်ဖြစ်သူ ကလယ်ရာ၏ တောင်းဆိုချက်ကြောင့် ကျောင်းမပို့ဘဲ မိဘနှစ်ပါးကပင် အိမ်မှာ စာသင်ပေးခဲ့သည်။ သူ့အမေက အဂ္ဂါသာ့ကို အသက်ရှစ်နှစ်အရွယ်အထိ စာကောင်းကောင်း မဖတ်တတ်ဟု ထင်သည်။ သို့သော် အဂ္ဂါသာသည် အလွန်စူးစမ်းစပ်စုတတ်သဖြင့် မကြာမီ စာဖတ်နိုင်ခဲ့သည်။ ဖခင်ဖြစ်သူမှာ မကြာခဏ ဖျားနာတတ်ပြီး သူမအသက် ၁၁ နှစ်အရွယ်တွင် ကွယ်လွန်သွားသည်။ အစ်ကိုဖြစ်သူ မွန်တီက စစ်တပ်ထဲ ဝင်သွားပြီး အစ်မဖြစ်သူ မာဂရက်က ခင်ပွန်းသည်နှင့်အတူ အင်္ဂလန်အနောက်မြောက်ပိုင်းသို့ ပြောင်းသွားသဖြင့် သားအမိနှစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် စစ်ဗိုလ်ကလေး အာချီဘော့ခရစ္စတီးနှင့် တွေ့ပြီး အချိန်တို အတွင်း ချစ်သူများ ဖြစ်သွားကာ ၁၉၄၁ ခုနှစ် ခရစ္စမတ်အကြိုကာလတွင် ဘုရားကျောင်းတစ်ခု၌ လက်ထပ်ခဲ့ကြသည်။ ပထမကမ္ဘာစစ်အတွင်း၌ သူနာပြု အဖြစ် တာဝန်ထမ်းဆောင်ရင်း ပထမဆုံးဝတ္ထု Snow Upon the Desert ကို စတင်ရေးသားသည်။ သို့သော် ထိုဝတ္ထုမှာ အကြိမ်ကြိမ် အငြင်းပယ်ခံရပြီး ဘယ်တော့မှလည်း မထုတ်ဝေဖြစ်ခဲ့ချေ။ စစ်ပြီးသောအခါ အင်္ဂလန်အနောက် မြောက်ပိုင်းတွင် အခြေချ နေထိုင်ကြသည်။ သို့သော် ၁၉၂၆ ခုနှစ် နောက်ပိုင်း တွင် ကွာရှင်းခဲ့ကြပြီး ၁၉၃၀ ၌ သမိုင်းသုတေသီ မက်စ်မယ်လိုဝမ်နှင့် ဒုတိယမ္ပိ အိမ်ထောင်ကျကာ သေတစ်ပန်သက်တစ်ဆုံး ပေါင်းသင်းနေထိုင်ခဲ့လေသည်။

အဂ္ဂါသာသည် စုံထောက်ဝတ္ထု ဝါသနာအိုးဖြစ်ပြီး ဆာအာသာကိုနင် ဒွိုင်းလ်၏ ရှားလော့ဟုမ်းဝတ္ထုများကို အလွန်နှစ်ခြိုက်သည်။ သို့နှင့် စုံထောက် ကြီး ဟာကြူလီပွိုင်ရိုးဟူသော ကိုယ်ပိုင်ဇာတ်ကောင်တစ်ခု ဖန်တီးကာ The Mysterious Affair at Styles ကို စတင်ရေးသားခဲ့သည်။ ဟာကြူလီပွိုင်ရိုး သည် ဘယ်လ်ဂျီယံ ရဲအရာရှိတစ်ယောက် ဖြစ်ပြီး အရပ်ပုပု၊ ဝဝဖိုင့်ဖိုင့်နှင့် နှုတ်ခမ်းမွေး ကားကားကြီး ဖြစ်သည်။သူသည် အလွန်ဉာဏ်ကောင်းလင့်ကစား ဘဝင်လည်း အတော်မြင့်သည်။ သို့သော် အဂ္ဂါသာ၏ လက်ရေးစာမူကို ဖတ်ကြည့် ပြီးနောက် ထုတ်ဝေရန် ငြင်းဆန်ကြသဖြင့် လပေါင်းအတော်ကြာအောင် သိမ်း ထားရသည်။ The Bodley Head စာအုပ်တိုက်မှ ထုတ်ဝေသူ John Lane က ဇာတ်သိမ်းကို ပြောင်းလဲပေးလျှင် ထုတ်ဝေပေးမည်ဟု လာကမ်းလှမ်းသည်။ ၁၉၂၀ တွင် ပထမဆုံးအကြိမ် ထုတ်ဝေသောအခါ တစ်မုဟုတ်ချင်း နာမည်ကျော် သွားလေသည်။

သူမသည် ဟာကြူလီပွိုင်ရိုး၊ မစ္စမာပယ်လ်၊ တော်မီနှင့် တပ်ပန့်စ်၊ ဟာလေကွင်း၊ ပါကာပိုင်း စသည့် ဇာတ်ကောင်များဖြင့် စုံထောက်ဝတ္ထု အတို အရှည်များသာမက မေရီဝက်စ်မကော့ ကလောင်အမည်ဖြင့် အချစ်ဝတ္ထု ခြောက်ပုဒ်ကို ရေးသားခဲ့သလို အခြားလျှို့ဝှက်သည်းဖို ဝတ္ထုအတိုအရှည် များ စွာ ရေးသားခဲ့သည်။ သူမ၏ စုံထောက်ဝတ္ထုများမှာ ကမ္ဘာတစ်ဝှမ်း၌ အုပ်ရေ အနည်းဆုံး သန်းနှစ်ထောင်ကျော် ရောင်းချခဲ့ရသဖြင့် ကမ္ဘာ့ရောင်းအား အကောင်းဆုံး စာရေးဆရာ စာရင်းတွင် နံပါတ်နှစ် ချိတ်လေသည်။ အင်္ဂလန် နိုင်ငံက သူမကို ဒိန်းဘွဲ့(အမျိုးသားဆိုလျှင် ဆာဘွဲ့)ကို ချီးမြှင့်ခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူမ၏ ဝတ္ထုများကိုလည်း ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများအဖြစ် အကြိမ်ကြိမ် အသက်သွင်းခဲ့သည်။ နာမည်အကြီးဆုံးမှာ ၁၉၇၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော Murder on the Orient Express (အမြန်ရထားပေါ်က လူသတ်မှု အမည်ဖြင့် ဆရာ တက္ကသိုလ်နေဝင်း ဘာသာပြန်ဖူး)နှင့် ၁၉၇၈ ခုနှစ်တွင် ရိုက်ကူးခဲ့သော ယခု Death on the Nile (နိုင်းလ်မြစ်ပေါ်က လူသတ်မှု)တို့ ဖြစ်ကြသည်။

သူမ၏ စုံထောက်ဝတ္ထု ရေးသားဟန်မှာ တစ်မျိုးတစ်ဖုံ ထူးခြားသည်။ လူသတ်မှုတစ်ခု ဖြစ်ပြီးနောက် သံသယတရားခံများစွာ ထွက်လာသည်။ ထို သံသယတရားခံများ ပြစ်မှုကျူးလွန်နိုင်သည့် အကြောင်းရင်း၊ အပြုအမူနှင့် သဲလွန်စများကို ဖော်ထုတ်ရင်း ကျူးလွန်ပုံကို ရှင်းလင်းမြင်သာအောင် ဖော်ပြသည်။ ထိုကဲ့သို့ တစ်စတစ်စ ရုပ်လုံးကြွလာပြီး နောက်ဆုံးအချိန်ကျမှတွင် မထင်မှတ်သော လှည့်ကွက်ကြီးတစ်ခု ထွက်ပေါ်လာသည်။ တစ်ခါတစ်ရံ၌ အားလုံးလိုလို တရားခံများ ဖြစ်နေတတ်ကာ တစ်ခါတစ်ရံ၌ မည်သူ့ကို သံသယ ဝင်ရမှန်း မသိဘဲ ဖြစ်နေတတ်သည်။ ထိုသို့ ထူးခြားပြောင်မြောက်သော ရေးဟန်ကြောင့် Queen of Crime ဟု အမွှမ်းတင်ခံရလေသည်။ အဂ္ဂါသာခရစ္စတီးသည် အသက် ၈၅ နှစ်အရွယ် ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၌ သူမ၏ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



## စာရေးသူအမှာ

နိုင်းမြစ်ပေါ်က လူသတ်မှုကို ဆောင်းရာသီတုန်းက အီဂျစ်ပြည် သွားလည်ပြီး ပြန်ရောက်ရောက်ချင်း ရေးခဲ့တာပါ။ အခု ပြန်ဖတ်ကြည့်တော့ ကိုယ့်ကိုယ်ကိုယ် အက်ဆွမ်ကနေ ဝဒီဟယ်လ်ဖာကို သွားတဲ့ ရေနွေးငွေ့သင်္ဘောပေါ် ပြန်ရောက် နေသလို ခံစားရတယ်။ သင်္ဘောပေါ်မှာ ခရီးသည်တွေ အများကြီး ပါလာတယ်။ ကျွန်မစိတ်ထဲမှာတော့ သင်္ဘောပေါ်က ဇာတ်ကောင်တွေက တကယ့်လူအစစ် တွေပဲ။ ဒီဇာတ်လမ်းထဲမှာ ဇာတ်ကောင်တွေ အများကြီး ပါပေမယ့် ဇာတ်လမ်း ကို ဆွဲဆောင်သွားမယ့် အဓိက ဇာတ်ဆောင်တွေက လင်းနက်၊ ဆိုင်မွန်နဲ့ ဂျက္ကလင်းဆိုတဲ့ လူသုံးယောက်ပါ။ ကျွန်မအတွက်တော့ သူတို့ဟာ သက်ရှိ ထင်ရှား ရှိနေခဲ့သလိုပဲ။

ကျွန်မရဲ့ မိတ်ဆွေကြီး ဖရန်စစ်အယ်လ်ဆူလေဗန်က ဒီဇာတ်လမ်း ကို သိပ်သဘောကျလွန်းလို့ စင်တင်ပြဇာတ် ကဖို့ပါ ပြင်ရေးခိုင်းတယ်။ အဆုံး မတော့ ကျွန်မလည်း ရေးပြီးခဲ့ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မကတော့ ဒီဇာတ်လမ်းကို ရေးဖူးသမျှပြည်ပခရီးသွား ဇာတ်လမ်းတွေထဲက အကောင်းဆုံးတစ်ခုလို့ ထင်တယ်။ စုံထောက်ဇာတ်လမ်းတွေဟာ စိတ်ထွက်ပေါက် ပေးနိုင်တယ်ဆိုရင် စာဖတ်သူက ကုလားထိုင်မှာ ဒီမှုခင်းဝတ္ထုကို ထိုင်ဖတ်နေပေမယ့် စိတ်ကတော့ နေသာတဲ့ ကောင်းကင်၊ ပြာလွင်တဲ့ ရေပြင်ဆီ ထွက်ပြေးလွတ်မြောက်နိုင်မှာပါ။ ဘာလို့များ မဖြစ်နိုင်ရမှာလဲနော်။

အဂ္ဂါသာခရစ္စတီး

●

mgyoe.com

mgyoe.com SAMPLE BOOK

## ပါဝင်သော အဓိက ဇာတ်ကောင်များ

| | | |
|---|---|---|
| ဟာကြူလီပွိုင့်ရိုး | – | ဘယ်လ်ဂျီယံလူမျိုး၊ စုံထောက်ကြီး။ |
| လင်းနက်ရစ်ဂျ်ဝေး | – | သူဌေးမကလေး။ |
| ဂျက္ကလင်းဒဘဲလ်ဖိုတ် | – | လင်းနက်၏ အချစ်ဆုံး သူငယ်ချင်း။ ဆိုင်မွန်၏ ရည်းစားဟောင်း။ |
| ဆိုင်မွန်ဒွိုင်းလ် | – | လင်းနက်၏ ခင်ပွန်း၊ ဂျက္ကလင်း၏ ရည်းစားဟောင်း။ |
| ဂျိုအန်နာဆောက်သ်ဝုဒ် | – | လင်းနက်၏သူငယ်ချင်း၊ တင်မ်အယ် လာတန်၏ ဝမ်းကွဲနှမ။ |
| လူဝီဘော့ဂတ် | – | လင်းနက်၏ အစေခံမလေး။ |
| မစ္စက်အယ်လာတန် | – | တင်မ်အယ်လာတန်၏ မိခင်။ |
| တင်မ်အယ်လာတန် | – | မစ္စက်အယ်လာတန်၏ သား။ ဂျိုအန်နာ ဆောက်သ်ဝုဒ်၏ ဝမ်းကွဲအစ်ကို။ |
| မစ္စက်ဆလုမ်းအော့တားဘွန်း | – | ပြဇာတ်ဆန်ဆန် ပြောဆိုပြုမူတတ်သည့် အချစ်ဝတ္ထု စာရေးဆရာမကြီး။ |
| ရိုစလီအော့တားဘွန်း | – | မစ္စက်အော့တားဘွမ်း၏ သမီး။ |
| မစ္စမာရီဗန်စကိုင်လာ | – | မာန်တက်နေသော သူဌေးမကြီး။ |
| မစ္စဘိုဝါ | – | မစ္စဗန်စကိုင်လာ၏ သူနာပြု။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| ကော်နယ်လျှာရော့ဘ်ဆန် | - | မစ္စဗနစကိုင်လာ၏ တူမ။ |
| အန်ဒရူးပန်နင်တန် | - | လင်းနက်၏ အမေရိကန်နိုင်ငံမှ ငွေကြေးစီမံ အုပ်ထိန်းသူ။ |
| ဂျင်မ်ဖန့်သော့ပ် | - | လင်းနက်၏ ဗြိတိသျှ ကိုယ်စားလှယ် ရှေ့နေ။ |
| ကာနယ်ဂျွန်နီရေ့စ် | - | မိုလ်မှူးကြီး၊ သဘော်ာပေါ်ရှိ အမှုအခင်းများကို ကိုင်တွယ်ဆောင်ရွက်ရန် စေခိုင်းခံရသူ။ |
| ဂျိမ်းစ်ဖာဂူဆန် | - | ရှေ့မကြည့်၊ နောက်မကြည့် ပြောဆိုတတ်သော ကွန်မြူနစ်ဝါဒီသမား။ |
| ဂွီဒိုရစ်ဂက်ဒီ | - | သမိုင်းသုတေသီ။ |
| ဒေါက်တာလဒ်ဝစ်ဘက်စ်နာ | - | ဆရာဝန်ကြီး။ |

●

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း တစ်

## (၁)

"ဟာ...၊ လင်းနက်ရစ်ဂျ်ဝေးပါလား"

သရဖူသုံးခု အရက်ဆိုင်ပိုင်ရှင် မစ္စတာ ဘာနဘီက ပြောပြောဆိုဆို သူ့ဘေးနားက လူကို တံတောင်နှင့် တွက်၍ညွှန်ပြသည်။ သူတို့နှစ်ယောက်သား စာတိုက်ရုံးရှေ့မှာ ဆိုက်လာသော ကြက်သွေးရောင် ရိုးလ်စ်ရွိုက်စ် ကားကြီးကို မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားနှင့် လိုက်ငေးကြည့်မိကြသည်။

ကားထဲက ကိုယ်လုံးကိုယ်ပေါက် လှလှ၊ ရွှေရောင်ဆံပင်နှင့် မိန်းကလေး တစ်ယောက် ဖျတ်ခနဲ ထွက်လာသည်။ ဂါဝန်အပွလေး တစ်ထည်သာ ဝတ်ထား သော်လည်း ရိုးရိုးရှင်းရှင်းလေးနှင့် လှပကျော့ရှင်းနေသည်။ ဦးထုပ်ပင် ဆောင်း မထား။ သည်လို စွဲမက်ဖွယ် မြင်ကွင်းမျိုးကို မယ်လ်တန်အန္ဒာဝုဒ်မြို့ကလေးမှာ မြင်ရခဲလှပါဘိခြင်း။ သူမက သွက်လက်သော ခြေလှမ်းကလေးများနှင့် စာတိုက် ရုံးထဲ ဝင်သွားသည်။ မစ္စတာဘာနဘီက–

mgyoe.com

mgyoe.com

"သူမှ သူအစစ်ပဲ..."ဟု ထပ်၍ အတည်ပြုလိုက်ပြီး လေသံတိုးတိုးဖြင့်

"သန်းကြွယ်သူဌေးမလေးပေါ့ကွာ၊ ရေကူးကန်တွေ၊ အီတလီဆန်ဆန် ပန်းဥယျာဉ်တွေ၊ အကခန်းမတွေ ထည့်ဖို့ အိမ်တစ်ဝက်လောက်ကို ဖြိုပြီး သိန်းနဲ့ချီ အကုန်ခံ ပြန်ဆောက်တာ"

ဟု ပြောသည်။

ဘေးနားက ခန္ဓာကိုယ် ကျစ်ကျစ်လျစ်လျစ်၊ ပေတိပေစုတ်နှင့် သူ့မိတ်ဆွေက မနာလိုအားကျသည့် လေသံဖြင့် –

" ဟာ၊ ဒါဆို သူနဲ့အတူ ပိုက်ဆံတွေ ပါလာမှာပေါ့နော်"

ဟု ပြောသည်။ မစ္စတာဘာနဘီက

"ဒါပေါ့ကွ၊ မယ်လ်တန်အန္တာဝုဒ်တော့ ဂုဏ်တက်တာပဲ"

ဟု ထောက်ခံရင်း–

"တို့အားလုံးကို ချမ်းသာတယ်ဆိုတာ ဒါမျိုးလို့ ပြလိုက်သလိုပဲ"

ဟု ထပ်ဖြည့်ပြောသည်။ သူ့မိတ်ဆွေက–

"ဆာဂျော့နဲ့တော့ ကွာတယ်နော်"

ဟု ပြောသောအခါ မစ္စတာဘာနဘီက

"အာ... ဒီလူ့ကို မြင်းတွေ လုပ်ကျွေးလို့ ချမ်းသာတာပါကွာ၊ ကံကောင်းလို့သာ"

ဟု ပြောသည်။ သူ့မိတ်ဆွေက–

"အိမ်ဆောက်တာ ဘယ်လောက်ကုန်လဲ မသိဘူးနော်"

ဟုမေးသောအခါ မစ္စတာဘာနဘီက မြူးကြွအားရသောလေသံဖြင့် –

"အနည်းဆုံး ဒေါ်လာခြောက်သောင်းလောက် ရှိမယ်လို့ ကြားတာပဲ" တစ်အိမ်လုံးပြီးအောင် နောက်ထပ် ခြောက်သောင်းလောက် ထပ်အကုန်ခံဦးမယ် ပြောကြတယ်"

ဟု ပြောသည်။

သူ့မိတ်ဆွေက ရှိုခနဲ လေတစ်ချက် ချွန်ကာ–

"နိပ်ဟ၊ မိုက်လှချည်လား။ အဲဒီလောက် ပိုက်ဆံတွေ ဘယ်ကများ ရသလဲ မသိဘူး"

ဟု မေးသည်။

"ငါကြားတာတော့ အမေရိကမှာ နေတဲ့ သူ့အဘိုးက သန်းကြွယ်သူဌေးကြီး လို့ပေါ့ဟ ဖဲတဲ့" သူ့အမေ အန်နာဟာ့ဗ်က တစ်ဦးတည်းသော သမီး၊

mgyoe.com

m gyoe.com SAMPLE BOOK

သူ့အဖေ မဲလ်ဗစ်ရှ်ရစ်ဂျ်ဝေးနဲ့ လက်ထပ်ပြီး လင်းနက်ကို မွေးတာ "တစ်ဦးတည်းသော မြေးမလေးဆိုတော့လည်း သိတယ်မလား၊ ရုပ်ရှင်တွေထဲကလို တုန်နေအောင် ချစ်မှာပေါ့"

လင်းနက်ဆိုသော မိန်းကလေးက စာတိုက်ရုံးထဲက ထွက်လာပြီး ကားပေါ် ပြန်တက်သွားသည်။ ပေတိဖေစုတ်နှင့်လူက ထွက်ခွာသွားသော ရိုးလ်စ်ရိုက်စ်ကားကြီးကို မျက်စိတစ်ဆုံး လိုက်လံငေးကြည့်ရင်း–

"ရုပ်လေးကလည်း ချော၊ ပိုက်ဆံကလည်း ချမ်းသာလိုက်သမှ ကျိုကျိုတက်ပဲ၊ ချမ်းသာတဲ့ တချို့ မိန်းကလေးများကျတော့လည်း ရုပ်ချော ချင်မှ ချောတာ၊ ရုပ်ချောရင်လည်း ချမ်းသာချင်မှ ချမ်းသာတာ၊ ဥစ္စာပေါ ရုပ်ချောဆိုတာ သူ့ကို ပြောတာနေမှာ၊ ဒီတော့လည်း သူလိုချင်တာ မှန်သမျှ အကုန်ရနေမှာပေါ့လေ၊ အင်း…၊ လောကကြီးက မတရားပါဘူးဗျာ"

ဟု မချီတင်ကဲ ရေရွတ်နေလေသည်။

## (၂)

သတင်းတိုထွာနေ့စဉ် သတင်းစာ၏ လူမှုရေးရာ ကော်လံမှ–

ရှေးမားထန်ဆိုင်မှာ စားသောက်နေတဲ့ ညှော့်သည်တွေထဲက လှပချောမောတဲ့ လင်းနက်ရစ်ဂျ်ဝေးကို ကျွန်တော် သတိပြုမိတယ်။ သူက သခင်မလေး ဂျိုအန်နာဆောက်သ်ဝုဒ်၊ သခင်လေး ဝင်ဒဲလ်ရှမ်၊ မစ္စတာ တိုဘီဘာရိုက်စ်တို့နဲ့ ထိုင်နေတာခင်ဗျ။ လင်းနက်ဟာ သူ့အဘိုး လျိုပေါ့ဟာ့ဇ်ရဲ့ များပြားလှတဲ့ စည်းစိမ်ဥစ္စာတွေကို တစ်ဦးတည်း အမွေဆက်ခံခဲ့ရသူ ဖြစ်ပါတယ်။ ချစ်စရာကောင်းတဲ့ လင်းနက်ဟာ အတော်လေး သွက်လက်မြူးကြွနေသလို မကြာခင် စေ့စပ်တော့မယ်လို့လည်း သတင်းတွေ ထွက်နေပါတယ်။ ကေန္တသူ့ရဲ့ ဖူးစာရှင်ဟာ သခင်လေး ဝင်ဒဲလ်ရှမ် ဖြစ်မှာပါပဲ။

## (၃)

သခင်မလေး ဂျိုအန်နာဆောက်သ်ဝုဒ်က ဝုဒ်ဟောလ်စံအိမ် အသစ်စက်စက်ကြီးထဲရှိ လင်းနက်၏ အိပ်ခန်းထဲမှာ ထိုင်ရင်း–

mgyoe.com

mgyoe.com

"ဒီနေရာက သိပ်ခမ်းနားတာပဲ ဒါလင်"

ဟု ပြောလိုက်သည်။

ပြတင်းပေါက်မှ မျှော်ကြည့်လျှင် ခြံဝင်းထဲက ပန်းဥယျာဉ်ကြီးကို မြင်ရပြီး အဝေးရှိ အပြာရောင်ကောင်းကင်အောက်မှ တောစပ်ကိုပါ မျက်စိတစ်ဆုံး တွေ့ရလေသည်။ လင်းနက်က ပြတင်းပေါက်ပေါင်ပေါ် လက်တင်ကာ မှီရင်း–

"ပြီးပြည့်စုံတယ် ဆိုတာထက်ကို ပိုတယ်၊ ဟုတ်တယ်မလား"

ဟု မေးလိုက်သည်။

သူမ၏ မျက်နှာမှာ ရွှင်လန်းတက်ကြွခြင်း၊ ကျေနပ်အားရခြင်းများ ပြည့်နေသည်။ သူမဘေးက ဂျိုအန်နာ၏ မျက်နှာမှာလည်း ထို့အတူပင် ဖြစ်သော်ငြား အနည်းငယ်တော့ မှိန်ဖျော့နေလေသည်။ ဂျိုအန်နာသည် ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည်နှင့် နှစ်ဆယ့်ခုနစ်နှစ်အရွယ် မိန်းမပျိုတစ်ဦး ဖြစ်သည်။ ထက်မြက်ပုံပေါ်သည့် သွယ်လျသော မျက်နှာမှာ မျက်ခုံးမွေး နုတ်၍ မိတ်ကပ်ဖို့ထားသော်လည်း လင်းနက်၏ ပင်ကိုသဘာဝအလှကိုတော့ မမီချေ။

"အချိန်မီ ပြီးစီးသွားတာပဲနော်၊ ရှင့်မှာ ဗိသုကာပညာရှင်တွေ၊ ပစ္စည်းကိရိယာတွေ အများကြီး ရှိပုံရတယ်"

"သုံးယောက်တည်းပါကွယ်"

"တယ်တော်တဲ့ လူတွေပဲ၊ တို့ဖြင့် တစ်ခါမှ ဒီလို မတွေ့ဖူးဘူး"

"ဘယ်တွေ့မလဲ၊ သူတို့ကို တစ်ခါတလေမှ ထုတ်သုံးတာကိုး"

"ရှင်က တကယ့်အချိန်အခါကောင်းကို ရွေးချယ်တတ်တယ်နော်။ တကယ်တော်တာက ရှင်ပဲ"

ဂျိုအန်နာက အလှပြင်စားပွဲခုံပေါ်က ပုလဲပုတီးလေး တစ်ကုံးကို ကောက်ကိုင်ကာ–

"ဒါ ပုလဲအစစ်တွေ မဟုတ်လား၊ လင်းနက်"

ဟု မေးသည်။

"အစစ်ပေါ့ရှင်"

"ရှင်ကတော့ အစစ်မှ ကိုင်မှန်း သိပါရဲ့၊ လူအများစုက အစစ်ကို ဈေးကြီးလွန်းတော့ သိပ်မကိုင်တတ်လို့ မေးကြည့်တာ၊ အခု ဒါမျိုးတွေ သိပ်ခေတ်စားနေတယ်နော်၊ ဝူးလ်ဝေ့ါသ်ဆိုင်မှာတောင် တွေ့တယ် ဒါလင်ရဲ့၊

mgyoe.com

SAMPLE BOOK

အစစ်နဲ့ ခွဲမရအောင်ကို တူတာ၊ အစစ်ဆို တန်ဖိုးနည်းမှာ မဟုတ်ဘူး"

"အတုကိုင်ရတာ အရသာ မရှိပါဘူး"

"အဲဒီသဘော ပြောတာ မဟုတ်ပါဘူး၊ လှတယ်လို့ ပြောတာပါကွယ်၊ ဒီဟာဆို ဘယ်လောက် ရှိလိမ့်မလဲ"

"ငါးသောင်းလောက် ရှိမယ်"

"ဟယ်... များလှချည်လား၊ အခိုးခံရမှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ တို့က အမြဲဝတ်ထားတာကိုး၊ ပြီးတော့ အာမခံလည်း ထားထားတယ်"

"ညစာစားပွဲကျရင် တို့ကို ပေးဝတ်ပါလား ဒါလင်။ ဒီလိုဆို တို့ သိပ်ပျော်မိမှာပဲ"

လင်းနက်က ရယ်ရင်း–

"ဝတ်ပါကွယ်၊ ဝတ်ပါ၊ ရှင် သဘောကျရင် ယူဝတ်လို့ ရပါတယ်"

ဟု ပြောသည်။

"တို့ ရှင့်ကို သိပ်အားကျတာပဲ လင်းနက်ရယ်၊ တကယ်ပြောတာ၊ ရှင်ဟာ လိုတိုင်းတ ရနိုင်တဲ့ သူပါ၊ အသက် နှစ်ဆယ်အရွယ်နဲ့တင် သခင်မလေး ဖြစ်နေပြီ၊ ဥစ္စာဓနလည်း ကြွယ်၊ ရုပ်ကလေးလည်း လှ၊ ကျန်းမာရေးလည်း လိုက်စားတဲ့အပြင် ဉာဏ်ရည်ကလည်း ထက်တော့ အဆင်းနဲ့ရော အချင်းနဲ့ပါ ပြည့်စုံနေတာပဲ၊ ရှင် ဘယ်တော့ နှစ်ဆယ့်တစ်နှစ် ပြည့်မှာလဲ"

"နောက်လာမယ့် ဇွန်လမှာ ပြည့်မှာ။ အဲဒီကျရင် လန်ဒန်မှာ မွေးနေ့ပါတီအကြီးကြီး လုပ်ဦးမယ်"

"ပြီးရင် ချားလ်စ်ဝင်ဒဲလ်ရှမ်ကို လက်ထပ်မယ် မဟုတ်လား၊ အတင်းအဖျင်းရေးတဲ့ သူတွေကတော့ အဲဒီကိစ္စကို သိပ်စိတ်ဝင်စားနေကြတယ်နော်။ ပြီးတော့ ဝင်ဒဲလ်ရှမ်ကို မဲအပြည့်ပေးထားကြတာ၊ ချာလ်တန်ဘူရီက သူ့စံအိမ်ကလည်း အကြီးကြီးပဲ၊ စိတ်ကူး မလွဲနဲ့နော်၊ ပြီးတော့ သူကလည်း ရှင့်ကို ကျနေတာ"

လင်းနက်က ပခုံးနှစ်ဖက်ကိုသာ တွန့်ပြသည်။

"မသိဘူး၊ တို့တော့ ဘယ်သူ့ကိုမှ လက်မထပ်ချင်သေးဘူးကွယ်"

"သိပ်မှန်တာပေါ့ ဒါလင်ရယ်၊ လက်ထပ်ပြီးရင် ဒီလိုနေလို့ ရချင်မှ

mgyoe.com

mgyoe.com

ရမှာ၊ အခြေအနေချင်းမှ မတူတော့ဘဲကိုး"

ထိုစဉ် တယ်လီဖုန်းက စူးရှစွာ ထမြည်လာသဖြင့် စကားဝိုင်းလေး ပျက်သွားသည်။ အိမ်တော်ထိန်းက တယ်လီဖုန်းကို နားထောင်ပြီး သူမအား–

"မစ္စဒဘဲလ်ဖို့တ် ဆက်တာပါ၊ သခင်မလေး ပြောမလား"

ဟု မေးသည်။

"ဒဘဲလ်ဖို့တ် ဟုတ်လား၊ သြော်... ဟုတ်သားပဲ၊ ပြောမယ်"

လင်းနက်က ဖုန်းကို ကိုင်၍ နားထောင်လိုက်သောအခါ တစ်ဖက်မှ အသက်ပင် မရှုနိုင်သလိုမျိုး စိတ်အားထက်သန်နေသော အသံတစ်သံကို ကြားရသည်။

"ဟဲလို၊ မစ္စရစ်ဂျ်ဝေးလားဟင်၊ လင်းနက်လား"

"ဟုတ်တယ် ဂျက္ကလင်းရေ၊ နင့်သတင်း မကြားရတာ ကြာလှပြီနော်၊ ဒါလင်"

"သိပါတယ်၊ အဲဒီအတွက် တောင်းပန်ပါတယ် လင်းနက်ရယ်၊ ငါ နင့်ကို အရေးတကြီး တွေ့စရာ ရှိလို့"

"ငါ့ဆီကို လာခဲ့ပါလား ဒါလင်ရဲ့၊ ငါလည်း နင့်ကို အိမ်အရှပ် အသစ်ကလေး ပြစရာ ရှိတယ်"

"ငါ သိချင်တာလည်း ဒါပါပဲကွယ်"

"ကဲပါ၊ ဒါဆိုလည်း ရထားနဲ့ဖြစ်ဖြစ်၊ ကားနဲ့ဖြစ်ဖြစ် အမြန်ဆုံးသာ ရောက်အောင် လာခဲ့တော့"

"လာပ့ါမယ်ရှင်၊ လာပ့ါမယ်၊ ငါ့ကားက သိပ်မကောင်းလို့ နည်းနည်း တော့ ကြာမယ်၊ ကားက ထိုင်ခုံနှစ်လုံးပဲ ပါတဲ့ အမျိုးအစားမို့ ဆယ့်ငါးပေါင်ပဲ ပေးရတယ်၊ ဝယ်တုန်းကတော့ ကောင်းပါရဲ့၊ နောက်တော့ ကဂျီကဂျောင် ဖြစ်လာ တယ်၊ လက်ဖက်ရည်သောက်ချိန်အမီတော့ ရောက်နိုင်ကောင်းပါရဲ့၊ အဲဒီကျမှ တွေ့မယ် ဒါလင်ရေ၊ ဒါပဲ"

လင်းနက်က ဖုန်းခွက်ကို ချကာ ဂျီအန်နာ့ဆီ ပြန်လာသည်။

"တို့ရဲ့ ငယ်သူငယ်ချင်း ဂျက္ကလင်းဒဘဲလ်ဖို့တ် ဆက်တာ၊ ပါရီက ကွန်ဗင့်ကျောင်းမှာ သူနဲ့ အတူတူ တက်ခဲ့တာလေ၊ သူ့ခမျာ ကံဆိုးရှာပါတယ်၊ အဖေက ပြင်သစ်နယ်စား၊ အမေက အမေရိကန် တောင်ပိုင်းသူ၊ အဖေက နောက်မိန်းမ ယူသွားပေမယ့် သူတို့သားအမိကို ခြူးတစ်ပြားတောင် မပေးခဲ့ဘူး၊

mgyoe.com

m gyee.com SAMPLE BOOK

ဝေါ်စထရိုဆွေးဆွေးကွက်ပျက်တော့ သူ့အမေပိုက်ဆံတွေ အကုန်ဆုံးသွားတယ်၊ ဂျက္ကလင်းလည်း အခြေမပျက်ရုံတစ်မည် ကျန်ခဲ့တာ၊ လွန်ခဲ့တဲ့ နှစ်နှစ်လုံး သူ ဘယ်လိုများ ရပ်တည်နေလဲ မသိဘူး"

ဂျီအန်နာက လင်းနက်၏ လက်သည်းဆိုးတံနှင့် သူမ၏ လက်သည်းများကို ဆေးဆိုးနေသည်။ သူမက သွေးရောင်နှင့် တူသည့် အနီရဲရဲ ဆိုးထားသော လက်သည်းကလေးများကိုမြှောက်၍ အအေးခံပြီး နောက် ပျင်းရိပျင်းတွဲလေသံနှင့်

"ကြားရတာ စိတ်ပျက်စရာကြီး ဒါလင်ရယ်၊ တို့တော့ သူငယ်ချင်း တစ်ယောက်ယောက်များမွဲသွားလို့ကတော့အဆက်အသွယ်ဖြတ်ပစ်လိုက်တာပဲ၊ အသည်းမာတယ်လို့ ဆိုချင် ဆို၊ နောက်နောင် ဖြစ်လာမယ့် ပြဿနာတွေ ရှင်းသွားအောင်လို့ အစကတည်းက ပြတ်ပြတ်သားသား လုပ်ပစ်လိုက်တယ်၊ သူတို့က အမြဲတမ်း ပိုက်ဆံပဲ ချေးချင်နေကြတာ၊ မဟုတ်ရင်လည်း အပ်ချုပ်ဆိုင် ဖွင့်ထားလို့ပါဆိုပြီး ပုံပျက်ပန်းပျက် အင်္ကျီကြီးတွေ အတင်းချုပ်ပေးကြရော၊ ဒါမှမဟုတ် လည်း မီးအိမ်အဖုံး ဆေးသုတ်ပေးလို ပေး၊ ပါတိတ်ဆင်တွေ ရောင်းလိုရောင်းနဲ့..."

ဟု ပြောသည်။

"ဒီလိုဆို မနက်ဖြန် တို့ မွဲသွားရင်ကော"

"ဖြတ်မှာပေ့ါ ဒါလင်ရဲ့၊ ဒီအတွက်တော့ တို့ကို စိတ်ပုပ်တယ်လို့ မစွပ်စွဲနဲ့နော်၊ တို့က အောင်မြင်တဲ့ လူတွေကိုပဲ သဘောကျတယ်၊ လူတိုင်းနီးပါး ဒီလိုချည်းပဲဆိုတာ တစ်နေ့ ရှင်သိလာမှာပါ။ အများစုကတော့ ဒါကို အမှန်အတိုင်း ဝန်မခံကြဘူးလေ၊ ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မရှိတဲ့သူကို ဘယ်သူက သူငယ်ချင်း တော်ချင်မှာလဲ၊ ပါးစပ်ကတော့ ... "ဟယ် သူ့ခမျာ ဒုက္ခ ရောက်နေရှာတာ၊ သနားပါတယ်" လို့ ပြောမှာပေ့ါ၊ ပြီးမှ "တို့လည်း သူနဲ့ သိပ်မပေါင်းဖြစ်ပါဘူး" လို့ ပြောမှာ"

"ရှင် သိပ်ရက်စက်ပါလား ဂျီအန်နာ"

"တို့လည်း လူထဲက လူပါပဲကွယ်၊ ချမ်းသာတဲ့ အိမ်ထောင်ဖက်ကို ရှာနေတာလေး တစ်ခုပါပဲ"

"တို့က အဲဒီလိုလူကို ရှာနေတာမှ မဟုတ်ဘဲ"

"ရှင်က ဥစ္စာပေါ ရပ်ချောဆိုတော့ ရှာစရာ ဘာအကြောင်း ရှိလို့လဲ ဒါလင်ရဲ့"

"ရှင် ဂျက္ကလင်းကို စွပ်စွဲတာလည်း သိပ်မှားတယ်၊ သူက သာပေါင်း

mgyee.com

mgyoe.com  SAMPLE BOOK 

ညာစား မဟုတ်ဘူးရှင့်၊ သိပ်မာနကြီးတာ၊ တို့ သူ့ကို ကူညီရင်တောင် တစ်ပြားမှ ယူမှာ မဟုတ်ဘူး"

"ဒါဆို သူက ရှင့်ကို ဘာကိစ္စ အလောတကြီး တွေ့ချင်နေရတာလဲ၊ သူ ရှင့်ဆီက တစ်ခုခု လိုချင်တာ ရှိကို ရှိရမယ်၊ တို့ လောင်းရဲတယ်၊ စောင့်သာ ကြည့်နေ"

"သူက တစ်ခုခုကို စိတ်လှုပ်ရှားလို့ နေမှာပေါ့၊ ဂျက္ကလင်းက သိပ် စိတ်လှုပ်ရှားလွယ်တာ၊ တစ်ခါကဆို သည်းညည်းမခံနိုင်လွန်းလို့ လူတစ်ယောက် ကို မောင်းချားနဲ့ ထိုးခဲ့ဖူးတယ်"

"ဘုရားရေ၊ ကြောက်စရာ ကောင်းလှချည်လား ဒါလင်ရယ်"

"ဟုတ်တယ်၊ ကောင်လေးတစ်ယောက်က ခွေးကို သွားစတာ၊ ဂျက္ကလင်းက တားတာကို သူက မရပ်ဘူးလေ၊ အဲဒါနဲ့ သူက ကောင်လေးကို သွားဆွဲတယ်၊ ဟိုက သူ့ထက် လူကောင်ကြီးတော့ သူ မနိုင်ဘူး၊ နောက်ဆုံး ကျတော့ မောင်းချား ထုတ်ပြီး ထိုးထည့်လိုက်ရော၊ ကဲ ... ဘယ်လောက် ဆတ်ဆတ်ထိမခံ ဖြစ်သလဲ၊ အဲဒါသာ ကြည့်တော့"

"အဲဒီလောက် ဆတ်ဆတ်ထိမခံ ဖြစ်နေရင်တော့ ဟုတ်မှာပါပဲ။ ကြားရ တာ စိတ်မချမ်းသာလိုက်တာ"

ထိုစဉ် အစေခံမိန်းကလေး တစ်ယောက် အခန်းထဲ ဝင်လာပြီး လင်းနက် ကို အရိုအသေပေးကာ အဝတ်ဗီရိုထဲက အင်္ကျီတစ်ထည် ထုတ်ယူ၍ ပြန်ထွက် သွားသည်။ ဂျိုအန်နာက–

"မာရီက ဘာဖြစ်လို့လဲဟင်" ဟု မေးတော့ လင်းနက်က–

"ငိုနေတာလေ၊ သနားပါတယ်၊ တို့ ရှင့်ကို ပြောပြဖူးပါတယ်၊ သူက အီဂျစ်က လူတစ်ယောက်နဲ့ လက်ထပ်ချင်နေတာ၊ ဟိုလူ့အကြောင်း ဘာမှ မသိဘဲနဲ့လေ၊ တို့က အဲဒီလူအကြောင်း စုံစမ်းကြည့်တော့ သူ့မှာ မယားကြီးနဲ့ ကလေးသုံးယောက် ရှိတယ်တဲ့"

ဟု ဖြေသည်။

"ရှင်တော့ ရန်သူတွေ အများကြီး တိုးအောင် လုပ်နေတာပဲ လင်းနက်"

လင်းနက်က အံ့အားသင့်သွားဟန်ဖြင့်–

"ရန်သူတွေ ဟုတ်လား"

mgyoe.com

mgyee.com SAMPLE BOOK


ဟု ပြန်မေးသည်။

ဂျူအန်နာက ခေါင်းညိတ်ကာ စီးကရက်တစ်လိပ် ထုတ်၍ မီးညှိရင်း

"ဟုတ်တယ် ဒါလင်။ ရှင်က သိပ်ထက်လွန်းတယ်။ မှန်တယ်ထင်ရင် လုံးဝ နောက်မဆုတ်တတ်ဘူး။ အဲဒီလို ထက်မြက်လွန်းတာက ရှင့်ကို တစ်နေ့ အကြီးအကျယ် ဒုက္ခပေးလိမ့်မယ်"

ဟု ပြောသည်။

လင်းနက်က ရယ်ရင်း–

"ဘာလို့လဲ၊ တို့အတွက်တော့ ရန်သူတစ်ယောက်မှ ရှိတယ်လို့ မထင်မိပေါင်"

ဟု ပြန်ပြောလေသည်။

(၄)

သစ်ကတိုးပင်အောက်မှာ သခင်လေး ဝင်ဒဲလ်ရှမ် ထိုင်နေသည်။ မျက်လုံးများကတော့ ဝုဒ်ဟောလ်စံအိမ်ကြီးကို ငေးကြည့်နေသည်။ စံအိမ်အဟောင်းကြီး၏ အလှနှင့် မယှဉ်သာအောင် လှနိုင်ရက်သော အသစ်စက်စက် စံအိမ်တော်ကြီးသည် ဆောင်းဦးရာသီ၏ နေရောင်ခြည်ထဲမှာ ရေချိုးသန့်စင်ထားသလို သစ်လွင်တောက်ပနေသဖြင့် အေးချမ်းသာယာလှသော မြင်ကွင်းတစ်ခုပင်။ တကယ်တော့ ချားလ်စ်ဝင်ဒဲလ်ရှမ်၏ မျက်လုံးထဲမှာ မြင်နေသည်က ဝုဒ်ဟောလ်စံအိမ်ကြီးမဟုတ်၊ ချာလ်တန်ဘူရီစံအိမ်၏ ခမ်းနားသော ဧည့်ခန်းမကြီးထဲမှာ ထိုင်ခုံအသီးသီးနှင့် နေရာယူထားသော သူ့မိသားစုပုံရိပ်သာ ဖြစ်သည်။ သူ့မိသားစုအလယ်တွင် မိမိကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့်ရွှင်လန်းတက်ကြွသော မျက်နှာ၊ ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ဦး မတ်တတ်ရပ်နေသည်။ သူမသည် ချာလ်တန်ဘူရီစံအိမ်တော်၏ သခင်မလေး လင်းနက် ဖြစ်သည်။

ဝင်ဒဲလ်ရှမ်၏ မျက်နှာမှာ မျှော်လင့်ချက်နှင့် တောက်ပနေသည်။ လင်းနက်သည် သူ့ကို ပွင့်ပွင့်လင်းလင်း ငြင်းမထားသဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ သူမနှင့် လက်ထပ်ရန် အခွင့်အလမ်းရှိနေသေးသည် မဟုတ်လား။ ထိုအခွင့်အလမ်း ရောက်လာမည့် တစ်နေ့ကိုသာ စိတ်ရှည်လက်ရှည် စောင့်

mgyee.com

mgyoe.com

နိုင်ရန် လိုသည်။ သူမနှင့် အသင့်လျော်ဆုံးမှာလည်း သူသာလျှင် ရှိသည်ဟု ထင်သည်။ ရွှေရွှေချင်း ထပ်မံ မြတ်မည် ဆိုသော်လည်း သည့်ထက်ပိုသော အရာတစ်ခုလည်း ရှိသေးသည်။ လင်းနက်ကို သူချစ်သည်။ အကယ်၍ လင်းနက်သာ သူဌေးမလေး မဟုတ်တော့လျှင်တောင် သူမကိုပဲ လက်ထပ်ချင်သည်။ သို့သော် လင်းနက်သည် အင်္ဂလန် တစ်နိုင်ငံလုံးတွင် အချမ်းသာဆုံးစာရင်းဝင် သူဌေး မလေးတစ်ယောက် ဖြစ်နေလေသည်။

သူသည် အနာဂတ်ကို စိတ်ကူးယဉ်ရင်း တွက်ရေးကတော့ စက်သူဌေး ဖြစ်နေသည်။ ချားလ်ဝင်ဒဲလ်ရှမ်သည် နေပူစာလှုံရင်း စိတ်ကူးရေယဉ်ကြောမှာ မျောနေလေသည်။

(၅)

ညနေ လေးနာရီ ထိုးသောအခါ ဝုဒ်ဟောလ်စံအိမ်သို့ နှစ်ယောက်စီး ကားလေး တစ်စီး ဖွတ်ချက်ဖွတ်ချက်နှင့် ဆိုက်လာသည်။ ကားထဲက ဆံပင်အနက်ရောင် လိမ်လိမ်ကောက်ကောက်၊ ခန္ဓာကိုယ် ပိန်ပိန်ညှက်ညှက်နှင့် မိန်းကလေး တစ်ယောက် ထွက်လာသည်။ သူမက အိမ်ရှေ့လှေကားထစ်ပေါ် ပြေးတက်ကာ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ အချိန်အနည်းငယ် ကြာသောအခါ အိမ်တော်ထိန်းက သူမကို "မစ္စဒဘဲလ်ဖို့တ်ပါနော်" ဟု ဆိုကာ ဧည့်ခန်းမထဲ ခေါ်သွားသည်။

"လင်းနက်..."

"ဟယ် ဂျက္ကလင်း"

ဂျက္ကလင်းက လင်းနက်ကို ပြေးဖက်လိုက်သဖြင့် လင်းနက်ဘေးနားက ဝင်ဒဲလ်ရှမ်က ဂျက္ကလင်းကို သနားညှာတာသော အကြည့်ဖြင့် ကြည့်ရင်း ခပ်ခွာခွာ ရပ်နေလိုက်သည်။ လင်းနက်က ဝင်ဒဲလ်ရှမ်အား–

"သခင်လေး ဝင်ဒဲလ်ရှမ်ရေ၊ ဒါက ဂျက္ကလင်းဒဘဲလ်ဖို့တ် တဲ့၊ ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်း"

ဟု မိတ်ဆက်ပေးသည်။

ဝင်ဒဲလ်ရှမ်က ဂျက္ကလင်း၏ မျက်လုံးဝိုင်းဝိုင်းကြီးများနှင့် မည်းနက်

mgyoe.com

mgyoe.com SAMPLE BOOK


လိမ်ကောက်နေသော ဆံပင်များကို ကြည့်၍ 'လူကောင် သေးသေးညှက်ညှက်နဲ့ ကလေးလေး ကျနေတာပဲ၊ လှသလိုလို မလှသလိုလိုနဲ့ ဆွဲဆောင်မှုတော့ ရှိသားပဲ' ဟု တွေးနေသည်။ သူက ပဋိသန္ဓာရစကား တစ်ခွန်း၊ နှစ်ခွန်း ဆိုကာ သူငယ်ချင်း နှစ်ယောက် အလွမ်းသယ်ပါစေဟူသော သဘောနှင့် ရှောင်ထွက်သွားသည်။

ဂျက္ကလင်းက ဟိုအရင် သူမလုပ်နေကျ အပြုအမူအတိုင်း လင်းနက်ကို လက်နှင့် ပုတ်၍–

"ဝင်ဒဲလ်ရှမ် ဟုတ်လား၊ ဒါဆို နင်နဲ့ လက်ထပ်မယ်လို့ သတင်းစာထဲ ပါပါနေတဲ့ လူပေါ့လေ၊ ဟုတ်လား လင်းနက်၊ နင် သူ့ကို တကယ် လက်ထပ်တော့မှာပေါ့ ဟုတ်လား"

ဟု စိတ်လှုပ်ရှားစွာ မေးသည်။ လင်းနက်က–

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ"

ဟု မရေမရာနှင့် ပြန်ဖြေသည်။

"ငါသိပ်ဝမ်းသာတာပဲ ဒါလင်ရယ်၊ သူက သဘောကောင်းမယ့်ပုံပဲနော်"

"အို သိပ်ပြီးတော့လည်း အဟုတ်မှတ် မနေပါနဲ့ဦး၊ ငါတောင် ဘာမှ စဉ်းစားရသေးတာ မဟုတ်ဘူး"

"ဟယ်... နင် တကယ်ပြောနေတာလား၊ ဘုရင်မကြီးက သူ့ကြင်ရာတော် ကို အမြဲစဉ်းစားချင့်ချိန်ပြီး ရွေးတတ်တာပဲဟာ"

"မနောက်ပါနဲ့ ဂျက္ကလင်းရယ်"

"အဟုတ်ပြောတာ၊ နင်က ဘုရင်မကြီးလေ လင်းနက်ရဲ့၊ ငါကတော့ ဘုရင်မကြီးရဲ့ အယုံကြည်ရဆုံး အပျိုတော်ပေါ့"

"ဘာတွေ လျှောက်ပြောနေတာလဲ ဒါလင်ရယ်၊ ကဲပါ၊ ဒါတွေ ထားပါဦး၊ နင်ကော ဘယ်တွေ ရောက်နေတာလဲ၊ စာမလာ၊ သတင်းမကြားနဲ့ ပျောက်ချက်သား ကောင်းနေလိုက်တာ"

"ငါက စာရေးရတာ မုန်းတယ်လေ၊ ဘယ်တွေ ရောက်နေတာလဲ ဆိုတော့ အင်း...၊ အလုပ် လုပ်နေရတာပေါ့ ဒါလင်ရယ်၊ ဘဝဆိုတာ ဒီလိုပါပဲ"

"ငါကတော့ နင် ငါ့ဆီ ဘာကြောင့် အကူအညီ လာမတောင်းပါလိမ့်လို့ စိုးရိမ်နေတာ..."

"ဘုရင်မကြီးက ဆုလာဘ် ပေးသနားတော်မူမယ်ပေါ့လေ၊ ဟုတ်ပါပြီ ဒါလင်ရယ်၊ အခုလည်း အဲဒီအတွက်ပဲ လာခဲ့တာပါ၊ ပိုက်ဆံချေးဖို့ မဟုတ်ဘူး

mgyoe.com

mgyoe.com


နော်၊ ချေးလည်း ချေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ငါ့အတွက် သိပ်အရေးကြီးတဲ့ အခွင့်အရေးလေး တစ်ခုလောက် တောင်းဆိုချင်လို့ပါ"

"ပြောသာ ပြောပါ"

"တကယ်လို့ နင်သာ ဝင်ဒဲလ်ရှမ်ကို လက်ထပ်ခဲ့ရင် ဟိုလေ... နင်လည်း သဘောပေါက်မှာပါ..."

လင်းနက်က ခဏတော့ ဇဝေဇဝါ ဖြစ်သွားသည်။ ပြီးမှ သဘောပေါက်သွားသလိုနှင့်–

"ဂျက်ကလင်း၊ နင် ဆိုလိုတာက..."

ဟု မေးသည်။

"ဟုတ်တယ် ဒါလင်၊ ငါလည်း စေ့စပ်ပြီးပြီ"

"နင့်ကို ကြည့်ရတာ မရိုးမရွ ဖြစ်နေပါတယ်လို့၊ လက်စသတ်တော့ ဒါကြောင့်ကိုး၊ အဲဒါကြောင့် ခါတိုင်းထက် ပိုပြီး မြူးကြွသွက်လက်နေတာပေါ့ လေ"

"အမှန်ပဲ"

"ကဲ... ပြောစမ်းပါဦး၊ သူ့အကြောင်း"

"သူ့နာမည်က ဆိုင်မွန်ဒွိုင်းလ် တဲ့၊ လူကတော့ ထောင်ထောင်မောင်းမောင်း၊ ဗလတောင့်တောင့်နဲ့ပဲ၊ ဒါပေမဲ့ လူကောင်နဲ့ မလိုက်အောင် ရိုးသားပြီး ယောကျ်ားပီသတယ်အေ့၊ ချောလည်း ချောတယ် သိလား၊ ဒါပေမဲ့ ဆင်းတော့ ဆင်းရဲတယ်၊ မျိုးရိုးလည်း ကောင်းကောင်းမွန်မွန်ထဲကပါပဲ၊ သူ့မိသားစုက ဒက်ဗွန်ရှိုင်းယားပြည်နယ်က တဲ့၊ သူက သူ့နယ်ကို သိပ်ချစ်တာ လေ၊ မြို့မှာ စာရေးကလေး ဝင်လုပ်နေတာတော့ ငါးနှစ်လောက် ရှိပြီ၊ အခုတော့ အလုပ်ဖြုတ်တဲ့အထဲ ပါသွားလို့ အလုပ်လက်မဲ့ ဖြစ်နေရှာတယ်၊ သူနဲ့မှ လက်မထပ်ရရင် ငါသေမှာပဲ လင်းနက်ရယ်၊ ဟုတ်တယ်၊ သေမှာပါပဲ..."

"ပြောင်ချော်ချော်တွေ ပြောမနေပါနဲ့ ဂျက်ကလင်းရယ်"

"သေမှာပဲ၊ တကယ်ပြောတာ၊ ငါက သူ့ကို ရူးရူးမူးမူး ချစ်နေတာကိုး၊ တို့နှစ်ယောက်က နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ စွယ်တော်ရွက်လိုပဲ၊ တစ်ယောက်နဲ့တစ်ယောက် ခွဲကို မနေချင်ဘူး"

"ဒါတော့ ပိုလွန်းပြီ ဒါလင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ပိုတယ်လို့ပဲ ဆိုဆို၊ မတတ်နိုင်တော့ဘူးကွယ်၊ နင်လည်း တကယ် ချစ်တတ်လာရင် ဒီလို ပြောမှာ မဟုတ်တော့ဘူးကွဲ့"

ဂျက္ကလင်းက ပြောလက်စ ခဏရပ်ကာ နက်မှောင်သော မျက်လုံးများက တစ်ခုခုကို စဉ်းစားနေသလိုလို ရုတ်တရက် ဝမ်းနည်းဖွယ် အသွင်ပြောင်းသွားသည်။ ထို့နောက် အနည်းငယ် တုန်ယင်သော လေသံလေးဖြင့်–

"တစ်ခါတလေတော့လည်း ဘဝက ကြမ်းတမ်းပါတယ် ဒါလင်ရယ်၊ တစ်ယောက်ကို တစ်ယောက် ဘယ်လောက်ပဲ ချစ်ချစ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့အခါ တို့နှစ်ယောက် ပေါင်းဖက်ဖို့အကြောင်းကံက ဝေးဝေးနေတယ်၊ ငါလေ ဘယ်သူ့ကိုမှ အကူအညီ မတောင်းဖူးပါဘူး၊ ဒါပေမဲ့ နင်တော့ ကူညီနိုင်လိမ့်မယ် ထင်မိလို့ပါ လင်းနက်ရယ်၊ နင် ဒီနေရာကို ဝယ်လိုက်တော့မှ ငါလည်း စိတ်ကူးပေါ်လာတာ၊ ဒီမယ်၊ နင့်မှာ အိမ်ခြံမြေအကျိုးဆောင် တစ်ယောက်ယောက် ရှိတယ် မဟုတ်လား၊ ဆိုင်မွန့်ကို အလုပ်လေး တစ်ခုလောက် ခန့်ဖို့ ပြောပေးပါလားဟယ်"

ဟု ပြောသည်။

"သြော်... ဒါများ..."

လင်းနက် စကားမဆုံးမီ ဂျက္ကလင်းက –

"သူက သိပ်လက်ဆိတ်ရှိတာ၊ ဥယျာဉ်ခြံမြေ အကြောင်းလည်း သိတယ်၊ သင်တန်းလည်း တက်ထားပြီးသား၊ လင်းနက်ရယ်၊ ငါ့ကို ချစ်ရင် သူ့ကို အလုပ်ခန့်ပေးပါလားဟယ်၊ နော်၊ တကယ်လို့ သူ့လုပ်ပုံကိုင်ပုံ မကြိုက်ရင် ထုတ်သာ ပစ်လိုက်၊ ရတယ် သိလား၊ ဒါပေမဲ့ သူကောင်းကောင်း လုပ်နိုင်မှာပါ၊ ဒါမှ တို့လည်း အိမ်ကလေးဘာလေးနဲ့ နေနိုင်မှာ၊ ငါလည်း နင်နဲ့ ခဏခဏ တွေ့လို့ ရတာပေါ့၊ ပြီးတော့ ဥယျာဉ်ကြီးထဲက အရာအားလုံး လှပဝေဆာနေမှာ"

ဟု ပြောသည်။

လင်းနက်က ထိုင်နေရာမှ လမ်းထလျှောက်သည်။ ဂျက္ကလင်းက

"ခန့်မယ်လို့သာ ပြောလိုက်ပါတော့ဟယ်၊ နော်၊ အလှပဂေး လင်းနက်လေး၊ ရွှေလင်းနက်လေး၊ ငါ့ရဲ့ အချစ်ဆုံး လင်းနက်လေးရယ်၊ ပြောပါ ခန့်မယ် လို့"

ဟု တတွတ်တွတ် ပူဆာသည်။

"ဂျက္ကလင်း..."

mgyoe.com

mgyoe.com SAMPLE BOOK

"ခန့်မယ် မဟုတ်လားဟင်"

လင်းနက်က တဟားဟား အော်ရယ်ကာ

"ကဲပါ၊ ဂျက္ကလင်းရယ်၊ နင့်လူကိုသာ ခေါ်လာခဲ့၊ ဟုတ်ပြီလား၊ ငါ တစ်ချက်လောက် ကြည့်ပါရစေဦး၊ ခန့်ဖြစ်မှာပါ"

ဟု ပြောသည်။

ဂျက္ကလင်းက ရုတ်တရက် ပြေးဖက်ကာ လင်းနက်ပါးကို တရွတ်ရွတ် နမ်းရင်း–

"ဒါလင်ရယ်၊ နင်က တကယ့်မိတ်ဆွေစစ်ပါပဲ၊ နင်က ငါ့အတွက် သူငယ်ချင်းကောင်းပါ လင်းနက်ရယ်၊ ငါ့ကို ဘယ်တော့မှ စိတ်ပျက်အောင် မလုပ်မှန်းလည်း သိပြီးသား၊ တစ်လောကလုံးမှာ နင်က ချစ်စရာအကောင်းဆုံးပဲ၊ အဲဒါဆို သွားဦးမယ်၊ ဒါပဲနော်"

ဟု ပြောသည်။

"ဟဲ့... ဂျက္ကလင်း၊ နေဦးလေ..."

"မနေတော့ဘူး၊ လန်ဒန်ကို ပြန်ရဦးမယ်လေ၊ မနက်ဖြန်ကျ ဆိုင်မွန့်ကို ခေါ်လာခဲ့မယ်နော်၊ အဲဒီကျမှ အေးအေးဆေးဆေး တွေ့ကြမယ် ဒါလင်၊ နင်လည်း သူ့ကို သဘောကျမှာပါ၊ သူက သိပ်ချစ်ဖို့ ကောင်းတာ"

"လက်ဖက်ရည်လေး ဘာလေးတောင် သောက်မသွားတော့ဘူးလား ဟဲ့"

"ဟင့်အင်း၊ မသောက်တော့ဘူး လင်းနက်ရေ၊ စိတ်တွေ သိပ်လှုပ်ရှား နေလို့၊ ငါ ဆိုင်မွန့်ကို ပြန်သွားပြောလိုက်ဦးမယ်၊ ငါ့ကိုယ်ငါလည်း အရူးမလို ဖြစ်နေမှန်း သိပါရဲ့၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ အိမ်ထောင်ကျမှပဲ အဲဒီရောဂါ ပျောက်မှာ"

ဂျက္ကလင်းက တံခါးဝနား ရောက်လာပြီးမှ ခဏရပ်၍ လင်းနက်ဆီ အပြေးကလေး ပြန်လာပြီး ပွေ့ဖက်သည်။

"လင်းနက်ရယ်၊ဒီလောကမှာ နင့်လို လူမျိုးဘယ်သူမှ ရှိမှာမဟုတ်ဘူး"

## (၆)

သပ်ရပ်လှပသော ရှေးမားထန်စားသောက်ဆိုင် ပိုင်ရှင် မစ္စတာဂတ်စတန် ဘလွန်းဒင်းသည် သူ့ဖောက်သည် အတော်များများကို ပျူပျူငှာငှာ သိပ်လှုပ်လှေ့

mgyoe.com

mgyoe.com SAMPLE BOOK

ရှိသူ မဟုတ်ချေ။ သူသည် ချမ်းသာကြွယ်ဝသော ဂုဏ်သရေရှိ မိသားစုမှ ပေါက်ဖွားလာသူပီပီ မာနကြီးလှသည်ဟု သမုတ်ခံရသူ ဖြစ်သည်။ သို့သော် အခုတော့ သူသည် အထူးဧည့်သည်တော် တစ်ဦးကို တမျှော်မျှော်နှင့် စောင့်နေသဖြင့် ကြုံခေါင့်ကြုံခဲဟု ဆိုရမည်။ ထိုတစ်ညတည်းတွင် အာဏာရှိပုဂ္ဂိုလ်များနှင့် သုံးကြိမ်တိတိ ဆုံရသည်။ တစ်ဦးမှာ နယ်စားကတော်ဖြစ်ပြီး အခြားတစ်ဦးမှာ တော်ဝင်မျိုးနွယ်တစ်ခုက နာမည်ကျော်အပြေးသမားတစ်ဦး ဖြစ်သည်။

အခုလာမည့်သူက သူနှင့် တစ်စားပွဲတည်း ထိုင်လိုသည်ဟု တောင်းဆိုသဖြင့် ကြိုတင်နေရာချထားခဲ့သည်။ နာရီဝက်လောက် ကြာသွားသဖြင့် ပေါ် မလာတော့ဘူးဟုပင် ထင်လိုက်မိသေးသည်။ ထိုသူသည် မည်းနက်သော နှုတ်ခမ်းမွေးကားကားကြီးနှင့် ထူးဆန်းသော ရုပ်လက္ခဏာ ရှိသော်ငြား အရေးကြီးပုဂ္ဂိုလ်တစ်ဦးအသွင်တော့ မပေါက်ချေ။ မစ္စတာဘာလွန်းဒင်းက သူ့ဆီ ရောက်လာသူကို–

"မစ္စတာဟာကြူလီပွိုင့်ရိုး၊ တွေ့ရတာ ဝမ်းသာတယ်ဗျာ။ မလာတော့ဘူး ထင်လို့ စားပွဲတောင် တခြားသူကို ပေးလိုက်မိသေးတယ်။ ဒါပေမဲ့ ခင်ဗျားအတွက် ဆိုရင်တော့ စားပွဲတစ်လုံးက အမြဲအသင့်ရှိနေပါတယ်ဗျာ"

ဟု ဆီးကြို၍ ပြောလိုက်သည်။

ဘယ်လ်ဂျီယံလူမျိုး နာမည်ကျော် စုံထောက်ကြီး ဟာကြူလီပွိုင့်ရိုးက ဘာလွန်းဒင်းနှင့် ပတ်သက်သော အမှုတစ်ခုကို ပြန်အမှတ်ရကာ ပြုံးလိုက်သည်။

"သိပ်ဖော်ရွေနေပါလား မစ္စတာဘာလွန်းဒင်းရဲ့"

"ခင်ဗျား တစ်ယောက်တည်းပဲလား မစ္စတာပွိုင့်ရိုး"

"ဟုတ်တယ်၊ တစ်ယောက်တည်းပါပဲ"

"ဟောဒီက ဂျူးလ်စ်က ခင်ဗျားကို ကဗျာတစ်ပုဒ်နဲ့ တူတဲ့ ဟင်းလျာတစ်ပွဲ လက်စွမ်းပြပါလိမ့်မယ်၊ အမျိုးသမီးတွေကတော့ သိတဲ့အတိုင်းပဲ၊ အစားအသောက်နဲ့ ပတ်သက်ရင် ကဂျီကဂျောင် ကျတာပေါ့၊ ခင်ဗျားကတော့ အရသာရှိရှိ သုံးဆောင်ရမှာပါ မစ္စတာပွိုင့်ရိုးရေ၊ ကျွန်တော် ကတိပေးပါတယ်၊ ဝိုင်ကော၊ ဘာမှာမလဲ..."

ထိုစဉ် စားတော်ကဲကြီး ဂျူးလ်စ်က ဟင်းပွဲများ လာချပေးသဖြင့် စကားစပြတ်သွားသည်။ ဘာလွန်းဒင်းက နှစ်ကိုယ်ကြား လေသံဖြင့်–

mgyoe.com

"အခုကော ဘာအမှုများ လိုက်နေသလဲဗျ" ဟု မေးသည်။

ဗိုင့်ရိုးက ခေါင်းခါပြသည်။

"အခုတော့ အနားယူလိုက်ပါပြီလေ၊ တစ်သက်လုံး ရှာဖွေထားသမျှကို ထိုင်စားရတော့မယ့် အရွယ်ရောက်ပြီကိုးဗျ၊ ဒီတော့ လတ်လျားလတ်လျား လျှောက်သွားရင်း အချိန်ဖြုန်းနေမိတော့တာပဲ"

"အားကျလိုက်တာဗျာ"

"မဟုတ်တာ၊ အားမကျပါနဲ့၊ ဒီလိုလုပ်လို့လည်း ပညာရှိ ပီသသွားတာမှ မဟုတ်ဘဲ၊ လူကြားကောင်းရုံသာ ရှိတာ၊ အလုပ်တွေချည်း ဖိလုပ်ခဲ့တော့ အခုဆို ယောင်တိယောင်တောင်နဲ့"

မစ္စတာဘလွန်းဒင်းက လက်ပိုက်ကာ–

"လုပ်စရာတွေမှ အများကြီး၊ ခရီးထွက်ပေါ့ဗျ"

ဟု ပြောသည်။

"ဟုတ်တယ်၊ ခရီးထွက်ရမယ်၊ လာမယ့် ဆောင်းရာသီကျရင် အီဂျစ်ကို အလည်သွားဦးမယ် မှန်းတယ်၊ အဲဒီမှာ ရာသီဥတုက တယ်ကောင်းဆိုပဲ၊ မြူတွေ အုံ့မှိုင်းပြီး မိုးတဖြောက်ဖြောက် ရွာနေတဲ့ အသံတွေလည်း မကြားရတော့ဘူးပေါ့ဗျာ"

မစ္စတာဘလွန်းဒင်းက အသက်ကို ပြင်းပြင်းရှူကာ –

"အား... အီဂျစ်..."

ဟု ပြောသည်။

"အခုတော့ သင်္ဘောနဲ့တောင် သွားလို့ ရနေပြီလို့ ပြောကြတယ်၊ ပင်လယ်ကို မဖြတ်ချင်ရင်တော့ ရထားနဲ့ သွားလို့ရတာပေါ့၊ ဒါတောင် ရေလက်ကြားကို ဖြတ်ရဦးမှာပဲ"

"ဟုတ်သားပဲ၊ ပင်လယ်နော်...၊ ဒါတော့ ခင်ဗျားနဲ့ ကိုက်မယ် မထင်ဘူး"

ဗိုင့်ရိုးက ခေါင်းခါကာ ပခုံးကို တွန့်သည်ဆိုရုံ တွန့်ပြသည်။

"ကျွန်တော်ရောပဲ၊ စူးစမ်းချင်တာတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ကိုယ့်ဗိုက်နဲ့ကျ မဟန်ဘူးရယ်"

"တချို့ဗိုက်တွေကျ သိပ်ကောင်းတာနော်၊ ဘယ်လောက် လှိုင်းမူးမူး

mgyoe.com

m gyoe.com SAMPLE BOOK

မအန်ဘူး၊ ဒါဆိုရင်တော့ သိပ်ပျော်ဖို့ ကောင်းမှာ''

''ဘုရားသခင်က မျက်နှာလိုက်တာပေါ့''

စားပွဲထိုးများက စားသောက်ဖွယ်ရာများ သယ်ဆောင်လျက် ခြေဖွဖွ လှမ်း၍ အနားက ဖြတ်သွားကြသည်။ စင်ပေါ်မှ နီဂရိုးတီးဝိုင်းကလည်း ထူးဆန်းသော တီးလုံးသံစဉ်များနှင့် စတင်တီးခတ်၍ ကခုန်ဖျော်ဖြေနေသည်။ ပွိုင့်ရိုးက ဟိုဟိုသည်သည် လိုက်ကြည့်သည်။ တွေ့ရသလောက် လူများက ပျင်းရိငြီးငွေ့ဖွယ် မျက်နှာများနှင့် စားစရာရှိတာကိုသာ စားသောက်နေကြသည်။ တစ်နေရာတွင် ငယ်ရွယ်သော စုံတွဲတစ်တွဲကို သတိပြုမိသည်။ သူတို့နှစ်ဦးမှာ လိုက်ဖက်ညီလှသည်။ ယောက်ျားလေးက အရပ်ရှည်ရှည်၊ ရင်အုပ်ကျယ်ကျယ်၊ မိန်းကလေးက ပိန်ပိန်သေးသေးနှင့် နူးညံ့လှပသည်။ သူတို့နှစ်ဦးက တီးလုံးအတိုင်း စည်းချက်ညီညီ လှုပ်ယမ်းကာ ပျော်မြူးနေကြသည်။ ပျော်စရာဆို၍ သူတို့ဆီမှာသာ တွေ့ရသည်။

တီးလုံးသံ ရပ်သွားတော့ လက်ခုပ်တီးသံများ ထွက်လာသည်။ ထို့နောက် နောက်တစ်ကျော့ ပြန်စသည်။ ခုနက စုံတွဲမှာ စင်ရှေ့က ခွာ၍ ပွိုင့်ရိုးတို့နှင့် ကပ်လျက် သူတို့စားပွဲဆီ ပြန်လာထိုင်ကြသည်။ မိန်းကလေးက ဆံပင်လေး တခါခါနှင့် ရယ်နေသည်။ ထိုင်ခုံမှာ ဝင်ထိုင်ကြတော့ ယောက်ျားလေးက မိန်းကလေး၏မျက်နှာကို စေ့စေ့ကြည့်သည်။ မိန်းကလေးက မျက်နှာကလေး မော့ကာ ရယ်ပြသည်။ ရယ်မောနေသော သူမ၏မျက်လုံးထဲမှာ တစ်ခုခုရှိနေသည်။ ဟာကြူလီပွိုင့်ရိုးက သံသယမကင်းသည့် ဟန်ပန်ဖြင့် ခေါင်းတခါခါနှင့် –

''ကောင်မလေးက သိပ်ဂရုစိုက်လွန်းတယ်၊ မကောင်းဘူး''

ဟု သူ့ဘာသာ ရေရွတ်သည်။

သူ့နားထဲမှာ ''အီဂျစ်''ဟူသော စကားလုံးကို ကြားလိုက်ရသဖြင့် နားစွင့်ကြည့်မိသည်။ မိန်းကလေးက ငယ်သည်၊ သွက်သည်၊ မာနခဲကလေး။ အာရုံသံကို သိပ်မပီ၊ နည်းနည်းဝဲသည်။ လေသံတိုးတိုးနှင့် ပြောတတ်သည့် ယောက်ျားလေးကတော့ ချောမောခန့်ညားသော အင်္ဂလိပ်ကောင်ကလေး။

''ပိုင်ပါတယ်ဆို ဆိုင်မွန်ရယ်၊ ကိုယ့်ခြံထဲက ကြက်ပါ။ လင်းနက်က တို့ကို ဘယ်တော့မှ စိတ်ပျက်အောင် လုပ်မှာ မဟုတ်ဘူး''

mgyoe.com

mgyoe.com

"သူက ကိုယ့်ကို စိတ်ပျက်သွားရင်ကော"

"မဟုတ်တာ၊ ဒီအလုပ်က ရှင်နဲ့ အံကိုက်ပဲဟာ"

"ကိုယ့်အစွမ်းအစကိုတော့ ကိုယ်ယုံပါတယ်၊ ကိုယ်လုပ်သမျှက မင်းအတွက်ပါပဲ"

မိန်းကလေးက ပျော်ရွှင်မှုအပြည့်နှင့် တိုးညင်းစွာ ရယ်သည်။

"သုံးလလောက်ပဲ စောင့်ရမှာပါ၊ အလုပ်တော့ မပြုတ်စေနဲ့ပေါ့၊ ပြီးရင်..."

"ပြီးရင် ကိုယ်ပိုင်သမျှက မင်းဟာတွေချည်း ဖြစ်လာမှာပါနော်၊ ဟုတ်တယ်မဟုတ်လား"

"ပြီးရင် ကျွန်မ ပြောသလိုပဲ၊ ဟန်းနီးမွန်းကို အီဂျစ်ကို ထွက်ရအောင်နော်၊ ကုန်တော့ အတော်ကုန်မှာပဲ၊ ကျွန်မလေ အီဂျစ်ကို သိပ်သွားချင်တာ၊ နိုင်းလ်မြစ်ရယ်၊ ပိရမစ်တွေရယ်၊ သဲပြင်တွေရယ်..."

ယောကျ်ားလေးက မဆိုစလောက် တိုးညင်းသော လေသံနှင့်–

"တို့အတူ တွေ့ကြရမှာပဲ၊ ပျော်စရာ မကောင်းဘူးလား ဂျက္ကလင်းရယ်" ဟု ပြောသည်။

"ပျော်စရာ ကောင်း၊ မကောင်း သိချင်လိုက်တာ၊ ရှင်က ကျွန်မ ဂရုစိုက်သလို ပြန်ဂရုစိုက်ပါ့မလား"

မိန်းကလေး၏ လေသံက ရုတ်တရက် စူးရှကာ မျက်လုံးလေးများက ကြောက်ရွံ့မှုဖြင့် ဝိုင်းစက်သွားသည်။ ယောကျ်ားလေးက–

"မဟုတ်တာတွေ မပြောပါနဲ့လား ဂျက္ကလင်းရယ်"

ဟု ခပ်သွက်သွက် ပြန်ပြောသည်။ မိန်းကလေးက–

"သိချင်လိုက်တာ..."

ဟု ထပ်ပြောသည်။ ထို့နောက် ပခုံးတစ်ချက် တွန့်ကာ–

"ကဲပါ၊ သွားကရအောင်"

ဟု ဆိုသည်။ ဟာကြူလီပွိုင်ရိုးကလည်း–

"ဘယ်သူက ပိုအချစ်ကြီးသလဲ ငါလည်း သိချင်လိုက်တာ"

ဟု တစ်ကိုယ် တည်း ရေရွတ်လိုက်မိသည်။

mgyoe.com

(၇)

ဂျိုအန်နာဆောက်သ်ဝုဒ်က–

"တောသားဆိုတော့ သူ့ပုံစံက ရွက်ကြမ်းရေကျိုဖြစ်မယ်နဲ့ တူတယ်နော်"

ဟု ပြောသည်။

လင်းနက်က ခေါင်းခါလျက်–

"မဖြစ်နိုင်ပါဘူး၊ ဂျက္ကလင်းရဲ့ အကြိုက်ကို တို့ သိတယ်"

ဟု ပြော သည်။ ဂျိုအန်နာက–

"အချစ်ရေးနဲ့ ပတ်သက်ရင်တော့ တရားသေ ဘယ်တွက်လို့ရပ့ါမလဲ"

ဟု ရေရွတ်သည်။

လင်းနက်ကစိတ်မရှည်တော့သလိုမျိုးခေါင်းသာခါပြသည်။ထို့နောက် စကားလမ်းကြောင်း လွှဲသည့်အနေဖြင့်–

"တို့ မစ္စတာ ပီယာ့စ်ကို သွားတွေ့ရဦးမယ်၊ စီမံကိန်း ဘယ်လိုချနေလဲ မသိဘူး"

ဟု ပြောသည်။

"စီမံကိန်း ဟုတ်လား"

"ဟုတ်တယ်။ ရေကူးကန်နားမှာ တဲအစုတ်ပလုတ်တွေ ရှိတယ်၊ အဲဒါတွေ ဖြိုချခိုင်းရမယ်၊ ဒါမှ အထဲမှာ ခိုနေတဲ့လူတွေ နေရာရွှေ့သွားကြမှာ"

"အဲဒီမှာ နေတဲ့သူတွေက ရွှေ့ရော ပေးချင်ကြပ့ါမလား"

"အများစုကတော့ ပြောင်းချင်ကြပါတယ်၊ တစ်ယောက် နှစ်ယောက်ကတော့ ခွတိုက်တာပေ့ါ၊ တကယ်တော့ သူတို့ကိုက တုံးတာ၊ ပြောင်းပေးတဲ့ နေရာက ပိုတောင်ကောင်းတဲ့ဟာကို"

"ဗိုလ်ကြီးအာဏာ သုံးပြီး ဖယ်ခိုင်းလိုက်ပုံပဲ"

"သူတို့ ကောင်းရာကောင်းကြောင်း လုပ်ပေးတာပဲလေ ဂျိုအန်နာရဲ့"

"ဒါတော့ ဟုတ်တယ်။ လုပ်ကို လုပ်ရမှာပါပဲ"

လင်းနက်က မျက်မှောင်ကြုတ်ထားပြီး ဂျိုအန်နာက ရယ်နေသည်။

"ရှင်က အာဏာရှိပြီးသားပါ လင်းနက်ရယ်၊ ဝန်ခံလိုက်စမ်းပါ၊ ရှင် လိုချင်တာကို အမိန့်တစ်ချက် ပေးလိုက်တာနဲ့ ရပါတယ်"

mgyoe.com

 mgyoe.com SAMPLE BOOK 

"တို့က အဲဒီလောက် အာဏာ မရှိပါဘူး"

"ဒါပေမဲ့ ရှင့်နည်းရှင့်ဟန်နဲ့တော့ လုပ်ယူလို့ ရတာပဲလေ"

"အကုန်လုံးတော့ မရပါဘူး"

"ဒီမယ် လင်းနက်၊ တို့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောစမ်းပါ၊ ရှင် လိုချင်တာ တစ်ခါမှ မရတာ မရှိခဲ့ဖူးဘူး မဟုတ်လား"

"မရှိသလောက်တော့ ရှားပါတယ်"

"ဒါပဲလေ၊ မရှိသလောက်ကို ရှားတယ်၊ ရှင့်စိတ်ထဲမှာ ငါသာ မရမက လိုချင်လာရင် ရရမှာပဲလို့ တွေးဖူးတယ် မဟုတ်လား"

လင်းနက်က စူးရှသော လေသံဖြင့်–

"တို့ကို တစ်ကိုယ်ကောင်းဆန်တယ်လို့ ပြောနေတာလားဟင်"

ဟု မေးလိုက်သည်။

"မဟုတ်ပါဘူး၊ တခြားသူတွေက ရှင့်လောက်ကို အာဏာ မရှိဘူးလို့ ပြောချင်တာပါ၊ ရှင့်မှာ ရုပ်ရည်ရော၊ ပိုက်ဆံရော ရှိပြီးသားလေ၊ ပိုက်ဆံနဲ့ ဝယ်လို့ မရတဲ့ အရာတွေကို ရှင့်အပြုံးလေးတစ်ချက်နဲ့ ဝယ်လို့ရတယ်၊ အရာအားလုံး ရှင့်ခြေဖဝါးအောက်မှာ ကြွေဆင်းလာမှာပဲ၊ ဒါကြောင့်ပဲ လင်းနက် ရစ်ဂျ်ဝေး ဆိုတဲ့ မိန်းကလေးဟာ အရာရာ ပြည့်စုံနေတာပေါ့"

"မနောက်ပါနဲ့ ဂျူံအန်နာရယ်"

"ဘာလဲ၊ ဒါဆို ရှင် လိုချင်တာ မှန်သမျှ အကုန်လုံးတော့ မရသေးဘူး ပေါ့ ဟုတ်လား"

"ရနေတယ်လို့တော့ ထင်ပါတယ်၊ ဒါပေမဲ့လည်း အဲဒီလို ပြောရတာ ကိုက တစ်မျိုးကြီးပဲ၊ မနှစ်မြို့စရာ ကောင်းနေသလားလို့"

"ဒါပေါ့၊ မနှစ်မြို့စရာတော့ ကောင်းတယ် ဒါလင်၊ လိုသမျှ ရနေတော့ လည်း တဖြည်းဖြည်း ပျင်းစရာ ကောင်းလာတော့မှာပေါ့၊ ခုလောလောဆယ် တော့ လိုတိုင်းတ ရနေတဲ့ ဘဝမှာပဲ ပျော်ပါဦးကွယ်၊ တကယ်လို့များ ရှင်သာ "ဖြတ်သန်းသွားလာခွင့် မပြု"ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်ရင် ဘာဆက်လုပ်မလဲ သိချင်မိတယ်"

"ရူးကြောင်ကြောင်တွေ မတွေးစမ်းပါနဲ့ ဂျူံအန်နာရယ်"

ထိုစဉ် သခင်လေး ဝင်ဒဲလ်ရှမ် ရောက်လာသဖြင့် လင်းနက်က သူ့အား

"ဂျူံအန်နာက ကျွန်မကို စိတ်ကသိကအောက်ဖြစ်စရာတွေ လာပြော နေတယ်"

mgyoe.com

SAMPLE BOOK

ဟု တိုင်တောသည့်ဟန်ဖြင့် ဆိုလိုက်သည်။ ဂျိုအန်နာက ထိုင်ရာမှ ထကာ–

"မခံချင်အောင် ဆွနေတယ်လို့သာ တည့်ပြောလိုက်ပါ ဒါလင်"

ဟုပြောပြီးခွင့်ပြုပါဦးဟုပင် မဆိုတော့ဘဲအခန်းထဲမှထွက်သွားသည်။

သို့သော် မသွားခင် ဝင်ဒဲလ်ရှမ်၏ မျက်လုံးကို အဓိပ္ပာယ်ပါသော အကြည့်နှင့် တစ်ချက် စိုက်ကြည့်သွားလေသည်။ ဝင်ဒဲလ်ရှမ်က ခဏလောက် ငြိမ်သွားပြီးမှ လိုရင်းကို တဲ့တိုး ပြောချလိုက်သည်။

"ကိုယ်တောင်းဆိုထားတာကိုဆုံးဖြတ်ချက်ချပြီးသွားပြီလား လင်းနက်"

လင်းနက်က ခပ်လေးလေး လေသံဖြင့်–

"ကျွန်မ ရက်စက်ရာများ ကျနေမလား။ တကယ်တမ်း ပြောပါဆိုရင်တော့ "ဟင့်အင်း"လို့ပဲ ငြင်းမိမယ် ထင်..."

ဟု ပြောလိုက်စဉ် ဝင်ဒဲလ်ရှမ်က စကားဆုံးအောင် မစောင့်ဘဲ–

"ဒီလို မပြောပါနဲ့၊ စဉ်းစားဖို့ အချိန်တွေ ရှိပါသေးတယ်၊ လင်းနက် အချိန်ယူချင်သလောက် ယူပါ၊ ကိုယ်ကတော့ နှစ်ယောက်လုံး ပျော်ရမယ့် အဖြေကို ရလိမ့်မယ် ထင်တာပဲ"

ဟု ဖြတ်ပြောလိုက်သည်။

လင်းနက်၏ လေသံက ကလေးဆန်စွာ တောင်းပန်တိုးလျှိုးသည့် ဟန်ဖြင့်–

"သိလား၊ ကျွန်မလေ အခုလို နေရတာကိုပဲ ပျော်တယ်၊ ဝုဒ်ဟောလ် စံအိမ်ကြီးကို ဒီနယ်တစ်ခွင်မှာ စံပြဖြစ်အောင် လုပ်ချင်တယ်၊ ရှင်ကော ဘယ်လို ထင်လဲဟင်"

ဟု မေးသည်။

"လှတယ်၊ လှအောင် သေသေချာချာ စီမံထားတာပဲဟာ၊ အရာရာ ပြီးပြည့်စုံနေပါပြီ၊ မင်းဟာ သိပ်တော်တဲ့ မိန်းကလေးပါ လင်းနက်"

သူက ပြောလက်စကို ခဏရပ်ပြီးမှ ဆက်ပြောသည်။

"ပြီးတော့ မင်းလည်း ချာလ်တန်ဘူရီကို သဘောကျတယ် မဟုတ်လား၊ အဲဒီစံအိမ်ကြီးကိုလည်း ခေတ်မီအောင် ပြုပြင်ချင်မှာပဲ။ မင်းက ဒါမျိုးမှာ သိပ်ကျွမ်းတယ်လေ၊ မင်း ပျော်မှာပါ"

mgyoe.com

"အို…ချာလ်တန်ဘူရီက သိပ်လှတာ၊ ဝုဒ်ဟောလ်က ဘယ်ယှဉ်နိုင်ပါ့မလဲ"

လင်းနက်က အပြင်ပန်းမှာ စိတ်အားထက်သန်စွာ ပြောလိုက်သော်လည်း ရုတ်တရက် စိတ်ရှုပ်သွားသည်။ ဝင်ဒဲလ်ရှမ်၏ စကားကိုလည်း သူစိမ်းဆန်လှသည်ဟု ထင်မိသည်။ ဝုဒ်ဟောလ်စံအိမ်နှင့် ပတ်သက်သည့် ပျော်စရာစိတ်ကူးတွေကို နှောင့်ယှက်သလို ခံစားရသည်။ ထိုခဏတွင် ယင်းခံစားချက်ကို သေသေချာချာ အာရုံမစိုက်သော်လည်း ဝင်ဒဲလ်ရှမ် ထွက်သွားသောအခါတွင်မူ သူမစိတ်ကို သူမဘာသာ ပြန်၍ ဆန်းစစ်မိလေသည်။

ဝင်ဒဲလ်ရှမ်၏ ပါးစပ်က ချာလ်တန်ဘူရီကို ထုတ်ပြောရလောက်အောင် သူမ ဘာများ စကားမှားမိပါလိမ့်။ ချာလ်တန်ဘူရီစံအိမ်သည် ဂုဏ်ရှိန်ကြီးမားသည့်နေရာတွင် နာမည်ကျော်သည်။ ထိုစံအိမ်ကို အယ်လီဇဘက်ဘုရင်မကြီး လက်ထက်ကတည်းက ဝင်ဒဲလ်ရှမ်၏ ဘိုးဘေးများက ထိန်းသိမ်းလာခဲ့ခြင်း ဖြစ်သည်။ ချာလ်တန်ဘူရီ၏ သခင်မလေးဟူသည့် ရာထူးက တော်ရုံနှင့် ရနိုင်သည် မဟုတ်ချေ။ ပြီးတော့ ဝင်ဒဲလ်ရှမ်သည် လူတိုင်း လေးစားအားကျရသည့် အင်္ဂလန်နိုင်ငံ၏ သူကောင်းမျိုးနွယ်ဖွား အမျိုးကောင်းသား တစ်ယောက် ဖြစ်သည်။ သူကတော့ ဝုဒ်ဟောလ်စံအိမ်မှာ လာနေမှာ မဟုတ်ချေ။ နောက်မှ ပေါက်သည့် ရွှေကြာပင် ဝုဒ်ဟောလ်သည် ဂုဏ်ရှိန်ကြီးမြတ်သည့် နေရာမှာတော့ ချာလ်တန်ဘူရီနှင့် ယှဉ်လို့ မရချေ။ သို့သော် ဝုဒ်ဟောလ်သည် သူမ ပိုင်ဆိုင်သည့် အရာ ဖြစ်သည်။ သူမ စိတ်ကြိုက် ရွေးချယ်၊ ဝယ်ယူ၊ ပြုပြင်ခဲ့သော ဝုဒ်ဟောလ်စံအိမ်။

သူမ၏ နယ်ပယ်မှာတော့ လင်းနက်က ဘုရင်မ ဖြစ်သည်။ ချာလ်တန်ဘူရီမှာဆိုလျှင်တော့ ဇနီးမယားတစ်ယောက်သာ ဖြစ်လိမ့်မည်။ ဝင်ဒဲလ်ရှမ်ကို လက်ထပ်ပြီးလျှင် ဝုဒ်ဟောလ်ကို ထားရစ်ကာ ချာလ်တန်ဘူရီမှာသာ စံမြန်းရမှာ သေချာသည်။ လင်းနက်ရစ်ဂျ်ဝေး ဆိုသော ဘုရင်မတစ်ပါးလည်း ရှိလာတော့မှာ မဟုတ်ချေ။ သူမသည် ဝင်ဒဲလ်ရှမ်၏ ဇနီး၊ နယ်စားကတော်သာ ဖြစ်လာပေလိမ့်မည်။

"ငါ ဘာတွေ လျှောက်တွေးနေပါလိမ့်"

လင်းနက်က ဝုဒ်ဟောလ်စံအိမ်ကို စွန့်လွှတ်ရမည့် စိတ်ကူးကို မုန်းလာသည်။ ထိုစဉ် ဂျက္ကလင်း၏ မြူးကြွသော စကားလေးတစ်ခွန်း ခေါင်းထဲ ဝင်လာသည်။

"သူနဲ့မှ လက်မထပ်ရရင် ငါ သေမှာပဲ လင်းနက်ရယ်၊ ဟုတ်တယ်၊

mgyoe.com

m gyoe.com SAMPLE BOOK

သေမှာပါပဲ…"

ထိုစကားလေးထဲမှာ အချစ်အတွက် အရာရာကို စွန့်လွှတ်နိုင်သည့် အားအင်တစ်မျိုးကို မြင်ရသည်။ သူမကကော၊ ဝင်ဒဲလ်ရှမ်ကို ထိုသို့ ခံစားဖူးသလား။ လုံးဝ မခံစားဖူးတာ သေချာသည်။ ဘယ်သူ့အပေါ်ကိုမှ ထိုသို့ မခံစားခဲ့ရဖူးချေ။ ထိုခံစားချက်သည် သိပ်အံ့သြစရာကောင်းမည် ထင်သည်၊ ဘယ်လိုနေမလဲ မသိ။

ထိုစဉ် ကားတစ်စီး ရောက်လာ၍ ခြံတံခါးဖွင့်သံ ကြားရသည်။ လင်းနက်က သူမဘာသာ စိတ်တိုစွာ အတွေးများကို ခေါင်းခါ၍ ဖယ်ရှားပစ်လိုက်သည်။ ဂျက္ကလင်းနှင့် သူမ၏လူ ဖြစ်ရမည်။ သို့နှင့် လင်းနက်သည် သူတို့နှင့်တွေ့ရန် အိမ်ထဲက ထွက်လာသည်။ အိမ်အပေါက်ဝ ရောက်တော့ ဂျက္ကလင်းနှင့် ဆိုင်မွန်က ကားထဲက ထွက်လာသည်။ ဂျက္ကလင်းက–

"လင်းနက်…"

ဟု ခေါ်ကာ ပြေးဖက်သည်။

"ဒါ ဆိုင်မွန်တဲ့၊ ဆိုင်မွန်…၊ ဒါ လင်းနက်လေ၊ ကမ္ဘာပေါ်မှာ အံ့သြစရာအကောင်းဆုံးသူပေါ့"

အရပ်ရှည်ရှည်၊ ရင်အုပ်ကျယ်ကျယ်၊ လေးထောင့်စပ်စပ် မေးစေ့၊ တွန့်လိမ်ကောက်ကွေးသော အညိုရောင် ဆံပင်၊ ရင့်မှောင်သော မျက်လုံးပြာများနှင့် ယောက်ျားပီသ၍ ခန့်ညားချောမောသည့် လူရွယ်က လင်းနက်ကို ရိုးသားစွာ ပြုံးပြသည်။ လင်းနက်က ဆိုင်မွန့်ကို သေချာကြည့်ကာ လက်ဆွဲနှုတ်ဆက်သည်။ ဆိုင်မွန့်လက်များက နွေးထွေး နိုင်မာလှသည်။ လေးစားမှုအပြည့်နှင့် ပကတိ ရိုးစင်းပွင့်လင်းသော ဆိုင်မွန့်အကြည့်ကို လင်းနက် သဘောကျသွားသည်။ ဂျက္ကလင်းက ဆိုင်မွန့်အား လင်းနက် မည်မျှတော်ကြောင်း တတွတ်တွတ် ပြောပြနေသည်။ လင်းနက်၏ သွေးကြောထဲတွင် နွေးထွေးချိုမြသော ခံစားမှုတို့ စီးဆင်းသွားသည်။

"စံအိမ်က ချစ်စရာ မကောင်းဘူးလား၊ လာလေ၊ အထဲဝင်ပါ၊ အိမ်ထဲကို လိုက်ကြည့်ပါဦး"

လင်းနက်က သူတို့ကို အိမ်ထဲသို့ ဦးဆောင်၍ ခေါ်သွားသည်။ စိတ်ထဲမှာတော့ "ရင်တွေ ဖိုလိုက်တာနော်…၊ ဂျက္ကလင်းရဲ့ လူကိုတော့ သဘောကျသွားပြီ၊ အင်း…။ ဂျက္ကလင်း ကံကောင်းလိုက်တာ" ဟု တွေးရင်း ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားသည်။

mgyoe.com

(၈)

တင်မ်အယ်လာတန်က ကုလားထိုင်ကို မှီကာ သမ်းဝေရင်း ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်သည်။ သူ့မိခင်ဆီကိုလည်း ဖျတ်ခနဲ လှည့်ကြည့်သည်။ မစ္စက် အယ်လာတန်မှာ အသက်ငါးဆယ်အရွယ်၊ ကြည့်ကောင်းသော အမျိုးသမီးကြီး တစ်ဦး ဖြစ်သော်လည်း ဆံပင်တွေတော့ ဖြူလေပြီ၊ သူတို့သားအမိက စပိန်နိုင်ငံရှိ မဂျော်ကာကျွန်းမှာ လာအနားယူနေခြင်း ဖြစ်သည်။ မစ္စက်အယ်လာတန်က သူ့သားကို ကြည့်မိတိုင်း တဖျစ်တောက်တောက် ရေရွတ်ပြောဆိုတတ်သည်။ သူမ၏ ချစ်ခြင်းမေတ္တာကို သည်လိုအမူအရာနှင့်သာ ပြတတ်သည်။ ထို့ကြောင့် သူစိမ်းများသာဆိုလျှင် သူတို့ကို သားအမိဟုပင် ယုံမည် မဟုတ်။ တင်မ်ကတော့ ဘယ်လိုမှ မနေချေ။

"မဂျော်ကာမှာ နေရတာ ကြိုက်လား အမေ"

မစ္စက်အယ်လာတန်က စဉ်းစဉ်းစားစားနှင့်–

"ကြိုက်ပါတယ်။ ဈေးသက်သာတယ်လေ"

ဟု ပြောတော့ တင်မ်က တုန်ခနဲ ဖြစ်သွားကာ–

"အေးတော့ အေးတယ်နော်"

ဟု ဆိုသည်။

တင်မ်သည် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ ရင်အုပ်ကျဉ်းကျဉ်းနှင့် နက်မှောင်သော ဆံပင်များ ရှိသည်။ မျက်လုံးများက ဝမ်းနည်းနေသယောင် ရီဝေနေတတ်ပြီး နှုတ်ခမ်းအကျတော့ လှသည်။ ခြေတံလက်တံလည်း သွယ်လျသည်။ သူသည် စာရေးဆရာ ဖြစ်ချင်သော်လည်း မိတ်ဆွေများကတော့ သူ့ဝါသနာကို သိပ်အားမပေးလှချေ။

"ဘာတွေ စဉ်းစားနေတာလဲ တင်မ်"

မစ္စက်အယ်လာတန်က သတိပေးသလို လှမ်းပြောသည်။ သူမ၏ ညိုမှောင်သော မျက်လုံးများက သံသယဝင်လာပုံနှင့် တောက်ပနေသည်။ တင်မ်က သွားဖြဲကလေးနှင့်–

"အီဂျစ် သွားရကောင်းမလား တွေးနေတာ" ဟု ဖြေသည်။

မစ္စက်အယ်လာတန်က ဇဝေဇဝါဖြင့်–

"အီဂျစ် ဟုတ်လား"

ဟု ပြန်မေးသည်။

mgyoe.com

mgyee.com SAMPLE BOOK


"အဲဒီမှာဆို နွေးတယ်လေ အမေရဲ့၊ နိုင်းလ်မြစ်ကြီးလည်း တွေ့ရမယ်၊ သားတော့ နိုင်းလ်မြစ်ဆီ သွားလည်ချင်တယ်၊ အမေကော မသွားချင်ဘူးလား"

"သွားချင်တာပေါ့ကွယ်၊ ဒါပေမဲ့ အီဂျစ်က ဈေးကြီးပါတယ်၊ တစ်ပြား နှစ်ပြား ခွာနေရတဲ့သူတွေအတွက်တော့ မဟုတ်ဘူးလေ သားရဲ့"

မိခင်ဖြစ်သူ၏ ခြောက်ကပ်ကပ် လေသံကြောင့် တင်မ်က ရယ်မောကာ ထိုင်ရာမှထ၍အပျင်းကြော ဆန့်သည်။ ထို့နောက် ရုတ်တရက် စိတ်အားထက်သန် မြူးကြွလာပြီး စိတ်လှုပ်ရှားသော လေသံဖြင့်–

"ကုန်ကျစရိတ်ကို သားကိစ္စသာ ထားစမ်းပါ အမေရဲ့၊ ကျွန်တော် ဒီမနက်တင် စတော့အိတ်ချိန်း ရလဒ်ကို ကြားပြီးပြီ၊ ကျေနပ်စရာပဲ"

ဟု ပြောသည်။ မစ္စက်အယ်လာတန်က စူးရှသော လေသံဖြင့်–

"ဒီမနက်တင် ဟုတ်လား၊ ဒီမနက် နှင့်ဆီ စာတစ်စောင်တည်း ရောက်လာ တာပါ၊ အဲဒါ ဂျိုအန်နာ့ဆီက မဟုတ်လား၊ ကေန္တ..."

ဟု ပြောကာ စကားစ ပြတ်သွားပြီး နှုတ်ခမ်းကို ကိုက်သည်။

တင်မ်က ရယ်ရမလို ငိုရမလို ဆုံးဖြတ်ရခက်သွားသော မျက်နှာထားနှင့်

"ဟုတ်တယ်၊ စာက ဂျိုအန်နာ့ဆီကပါ အမေရယ်၊ တယ်လည်း လျှင် သကိုး၊ အမေသာ စုံထောက်လုပ်မယ်ဆို နာမည်ကြီးနေတဲ့ ဟာကြူလီပွိုင့်ရိုး ကိုတောင် ယှဉ်လို့ရမယ်နဲ့ တူပါရဲ့"

ဟု ပြောလိုက်သည်။

"ငါက လက်ရေးကို ကြည့်တာနဲ့ သိပြီးသား"

တင်မ်က လိမ်လို့ မရမည့်အတူတူ အမှန်အတိုင်း ပြောလိုက်တာပဲ ကောင်းမည်ဟု ဆုံးဖြတ်လိုက်ဟန်ဖြင့်

"ဟုတ်ပါပြီလေ၊ တကယ်တော့ မနေ့ကတည်းက သိတာ၊ စာအိတ် ပေါ်က ဂျိုအန်နာ့လက်ရေးက စုတ်လွန်းတော့ အမေက အလွယ်လေး သတိ ထားမိတာ ဖြစ်မှာပဲ"

ဟု ပြောလိုက်သည်။

"ဂျိုအန်နာက ဘာတွေ ရေးထားလို့တုံး"

မစ္စက်အယ်လာတန်က လေသံကို ပုံမှန်ဖြစ်အောင် သတိထား၍ မေး သည်။ ဂျိုအန်နာနှင့် တင်မ်သည် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သော်လည်း မစ္စက်အယ်လာတန်က သူမကို သိပ်ကြည့်မရချေ။ ဂျိုအန်နာ့ကို အရာရာ ပေါ့

mgyee.com

mgyoe.com

SAMPLE BOOK


ပြက်ပြက်သာ တွေးတတ်သော မိန်းမပေါ့ကလေးတစ်ယောက်ဟုသာ မြင်သည်။ ယင်းမှာ တကယ်ဟုတ်၊ မဟုတ် မသေချာသော်လည်း မစ္စက်အယ်လာတန်က တော့ ထိုသို့ပဲ ယူဆသည်။ ဂျိုအန်နာနှင့် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဖြစ်နေသည့် တင့်မ်ကိုလည်း သဘောမကျပေ။ သူတို့မောင်နှမ ဝမ်းကွဲနှစ်ယောက် သည် သူတစ်ပါး၏ အတင်းအဖျင်းကို စိတ်ဝင်စားသည့် နေရာမှာတော့ ဝါသနာ တူကြသည်။ ဂျိုအန်နာကလည်း ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတတ်သည့် နေရာမှာ ဆရာမကြီး။

ဂျိုအန်နာ့ဆီက စာလာကတည်းက သူမစိတ်ထဲ တနုံ့နုံ့ ဖြစ်နေခဲ့သည်။ ထိုခံစားချက်ကို ပြောရခက်သည်။ ပြေးကြည့်မှ သည်သားအမိနှစ်ယောက်တည်း ရှိသည့်အထဲ ကြားလူဝင်လာမှာကို မလိုလားချေ။ မစ္စက်အယ်လာတန်သည် သူ့သားကို တခြားသူလက်ထဲ အလွယ်တကူ ထည့်ပေးမည့် မိခင်မျိုး မဟုတ်။ ဂျိုအန်နာ့ကိုလည်း ကြည့်လို့မရ။ ထို့ကြောင့်ပင် သူ့သားနှင့် စကားအပြောအဆို ဘယ်တော့မှ အစေးကပ်သည် မရှိချေ။ တင့်မ်က သူ့အိတ်ကပ်ထဲမှ စာကို ထုတ် ကြည့်သည်။ စာက အတော်ရှည်သည်။

"ဘာမှတော့ မဟုတ်ပါဘူး၊ ဒန်ဗန်နစ်ရှ်တို့ လင်မယား ကွဲသွားတယ် ဆိုတဲ့အကြောင်း၊ လင်းနက်ရစ်ဂျ်ဝေးက ဝင်ဒဲလ်ရှမ်ကို ငြင်းလိုက်လို့ စိတ်ဆိုးပြီး ကနေဒါကို ပြန်သွားတဲ့အကြောင်း၊ လင်းနက်က သူ့အိမ်က အေးဂျင့်တစ်ယောက် နဲ့ လက်ထပ်တော့မယ့်အကြောင်း..."

"အမယ်လေးဟယ်၊ များလှချည်လား၊ ဒီကောင်မလေးဟာ အတော် စပ်စုနိုင်တာပဲ"

"မပြီးသေးဘူး၊ အဲဒီအေးဂျင့်က ပိုက်ဆံတော့ မရှိဘူးတဲ့၊ မျိုးရိုးတော့ ကောင်းတယ်တဲ့၊ ပြီးတော့ သူက လင်းနက်ရဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ စေ့စပ် ထားတာ ဆိုပဲ"

"တော်တော်ကောင်းတဲ့ သတင်း"

မစ္စက်အယ်လာတန်က ငေါ့ပြောသည်။ တင့်မ်က သူ့မိခင်ကို တစ်ချက် လှမ်းကြည့်ကာ

"သားလည်း သိပါတယ်။ အမေက တခြားသူတွေ ကွဲတာပြတာဆို နှာခေါင်းရှုံ့ချင်တယ် မဟုတ်လား"

mgyoe.com

m gyoe.com SAMPLE BOOK

ဟု ပြောသည်။

"ဟဲ့၊ လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ ကိုယ် နေရတယ်၊ ခုခေတ် လူငယ်တွေများ လုပ်ချင်ရာကို ဇွတ်လုပ်ကြတော့တာပဲ၊ သင့်၏၊ မသင့်၏ မစဉ်းစားဘူး"

တင်မိက ပြုံးကာ–

"စဉ်းစားစရာ လိုလို့လား အမေရဲ့၊ လင်းနက်ရစ်ဂျ်ဝေးပဲဟာ"

ဟု ပြောသည်။

"အေးလေ၊ ဒီတော့ ပိုတောင် ဆိုးဦးမယ်"

တင်မိက သူမကို မျက်လုံးလေး ကလယ်ကလယ်နှင့် ကြည့်သည်။

"ဒါတော့သားနဲ့ သဘောထားချင်းတိုက်ဆိုင်သွားပြီ၊ သားဆိုရင်တော့ သူများမယား မယူချင်ပါဘူး"

"ယူရဲရင် ယူကြည့်လေ၊ အမွေပြတ်ပဲ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကျွန်တော့်ဟာတွေ အကုန် အမေ့အမွေတွေ ပါပဲ၊ ကျွန်တော်က ဘာမှ မပိုင်ပါဘူး"

တင်မိက သူ့မိခင်ကို စနောက်ရင်း စာကို ပြန်ခေါက်၍ သိမ်းထား လိုက်သည်။ မစ္စက်အယ်လာတန်က "စာတွေ အတော်များများကို ငါ့ကိုတော့ ပြပါရဲ့။ ဂျီအန်နာ့ဆီက စာကျတော့ ဖတ်ပဲ ဖတ်ပြတယ်" ဟု တွေးနေသည်။ သို့သော် ထိုအတွေးကို မောင်းထုတ်ပြီး အဆင့်အတန်းရှိသော အမျိုးသမီးကြီး တစ်ဦးအဖြစ် ပြုမူနေထိုင်ရန်သာ ဆုံးဖြတ်လိုက်သည်။

"ဂျီအန်နာကော ဒီလို နေနေရတာ ပျော်ရဲ့လား"

"ဒီလိုပါပဲ၊ မေဖဲရ်မှာ ဆိုင်ကလေးတစ်ဆိုင် ဖွင့်မယ်လို့တော့ ပြောတယ်"

"မေးလိုက်ရင်တော့ ပိုက်ဆံ မရှိဘူး၊ မရှိဘူးနဲ့ ညည်းနေပြီး ခရီးတွေ ချည်း ထွက်နေတာပဲ၊ သူ့ဟာသူကျ လှတပတ ဖြစ်အောင် အမြဲဆင်တတ်တော့ အဝတ်အစားဖိုးလည်း အတော်ကုန်မှာပဲ"

"သြော်... ဒါကတော့... ကြည့်ရတာ အဝတ်အစားဖိုးက သိပ်မကုန် လောက်ပါဘူး"

မစ္စက်အယ်လာတန်က သက်ပြင်းချကာ–

"ဒါဆို ဘယ်လိုလုပ်သလဲ"

ဟု မေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကိုယ့်မှာ တတ်နိုင်တဲ့ အခြေအနေ ရှိရင် အကြွေးယူလို့ ရတာပဲဟာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒီလိုနဲ့ အဆုံးသတ်လည်း ကျရော၊ ဆာဂျော့လို မွဲသွားမှာပေါ့"

"အဲဒီ မြင်းလောင်းသမားကြီးနဲ့တော့ မနှိုင်းနဲ့လေ အမေရဲ့၊ အင်းလေ၊ သူ့ခေတ်တုန်းကဆို အမေလည်း မိန်းမလှလေး ဖြစ်ခဲ့မှာပေါ့၊ ဘယ်နှခုနှစ် ဖြစ်မလဲ၊ ၁၈၇၉ ခုနှစ်လား"

မစွက်အယ်လာတန်က ဆတ်ဆတ်ထိမခံသော လေသံဖြင့်–

"ငါက ၁၈၇၉ ခုနှစ်မှာ မွေးတာ မဟုတ်ဘူးဟဲ့၊ ပြီးတော့ ဆာဂျော့က လူကြီးလူကောင်း သိပ်ပီသတာ၊ မြင်းလောင်းသမားကြီးလို့ မခေါ်စမ်းပါနဲ့"

ဟု ပြောသည်။

"အမယ်၊ သူ့အကြောင်း လူတွေ ပြောတာ ကြားဖူးပါတယ်နော်"

"မင်းနဲ့ ဂျူအန်နာက လူတွေ ပါးစပ်ဖျားတင် လမ်းဆုံးနေကြတာပဲ၊ သူ့ဘာသာ ကံမကောင်း အကြောင်းမလှလို့ အခြေပျက်သွားရှာတာကို"

တင်မ်က မျက်ခုံးတစ်ဖက် ပင့်ကာ–

"အမယ်လေး၊ အပြောကို မခံတာနော်၊ အမေက သူ့ပရိသတ်မှန်းသား မသိပါလား"

ဟု ပြောသည်။

"သူ ဘယ်လောက် ကျပ်တည်းနေမှန်း မင်းတို့ မသိပါဘူး၊ မတတ်သာလွန်းလို့သာ ဝုဒ်ဟောလ်နေရာကို ထိုးရောင်းလိုက်ရတာ၊ အဲဒီနေရာကို စွန့်လွှတ်လိုက်ပြီးတဲ့နောက် သူလည်း ဖုန်းဖုန်းလဲတော့တာပဲ"

တင်မ်က စဉ်းစဉ်းစားစားဖြင့်–

"အမေပြောတာ ဟုတ်လောက်တယ်၊ လင်းနက်က စံအိမ်ကို အသစ်ပြန်ဆောက်ပြီးတဲ့နောက် ဆာဂျော့ကို လာကြည့်ဖို့ သွားပြောတော့ ခါးခါးသီးသီး ငြင်းလွှတ်လိုက်သတဲ့လေ"

ဟု ပြောသည်။

"ငြင်းမှာပေါ့၊ သွားမပြောခင်ကတည်းက သိသင့်တာ"

"အဘိုးကြီးက လင်းနက်ကို အခဲကျေပုံ မရဘူးလို့ ကျွန်တော်တော့ ယုံတယ်၊ လင်းနက်ကို တွေ့တိုင်း ပွစိပွစိနဲ့ ဆဲတာပဲ၊ လင်းနက်က သူ့မိသားစု သမိုင်းကြောင်းကို ဖျက်ဆီးတယ်လို့ မြင်နေတာ၊ မတန်တဆ ပေးဝယ်ထားတာ

mgyoe.com

mgyoe.com SAMPLE BOOK

တောင် ခွင့်မလွှတ်နိုင်ဘူး ထင်ပါရဲ့"

မစ္စက်အယ်လာတန်က စူးရှသော လေသံဖြင့်–

"ကျေနပ်စရာလားကွဲ့၊ ဒါတွေ မင်းတို့ နားမလည်ပါဘူး"

ဟု ပြောသည်။ တင်မ်က တည်ငြိမ်သော လေသံဖြင့်–

"အင်းပါ၊ ထားပါတော့၊ ဖြစ်ပြီးတာတွေကို ပြင်လို့မှ မရတာ၊ အတိတ်ကို တွေးပြီး မကျေနပ်နေလို့ကော ဘာထူးမှာလဲ"

ဟု ပြောသည်။

"ဆုံးရှုံးသွားတာကိုကျတော့ ဘာနဲ့ ပြန်အစားထိုးမလဲကွဲ့"

တင်မ်က ပခုံးတွန့်ပြကာ–

"စိတ်လှုပ်ရှားစရာတွေ ရှာ၊ အသစ်က ပြန်စပေါ့၊ ဘဝက တိုတိုလေး၊ မနက်ဖြန် ဘာဖြစ်မလဲ ဘယ်သူက သိမှာလဲ၊ အိမ်ခြံမြေတွေ အမွေရတာထက် ဦးနှောက်နဲ့ အရည်အချင်းကို အသုံးချနိုင်မှ ဘဝမှာ နေပျော်တာ၊ အဲဒီနည်းနဲ့ ပိုက်ဆံရတာကမှ တကယ့်အရသာ"

ဟု ပြောသည်။

"အဲဒါနဲ့ပဲ စတော့အိတ်ချိန်း လုပ်ရောပေါ့လေ ဟုတ်လား"

တင်မ်က ရယ်ကာ–

"အမေကလည်း၊ အဲဒါက အတော်ပါးရပ်နပ်ရည်ရှိမှ ဖြစ်တာ၊ ဒီနေ့ခေတ်မှာလုပ်ဖို့သင့်တော်တာပဲကို။ ကဲပါ၊အီဂျစ်သွားဖို့ကိုဘယ်လိုသဘောရလဲ"

ဟု မေးသည်။

"အင်း..."

တင်မ်က သူ့မိခင်ကို ပြုံး၍–

"ကဲ... အတည်ပြုလိုက်ပြီနော်၊ သားတို့ အီဂျစ်ကို သွားကြမယ်"

ဟု အပိုင်ပြောလိုက်သည်။

"ဘယ်တော့ သွားမယ် ကြံလဲ"

"နောက်လပေါ့၊ ဇန်နဝါရီဆို အဲဒီကို သွားဖို့ အကောင်းဆုံးပဲ၊ အခုတော့ ဒီဟိုတယ်မှာပဲ အချိန်ဖြုန်းလိုက်ဦး၊ ဘာမှ အတွန့်မတက်နဲ့တော့၊ ဒါပဲ"

မစ္စက်အယ်လာတန်က ကြင်နာယုယစွာ ပြုံးသည်။ ထို့နောက် အပြစ်မကင်းသလို လေသံဖြင့်–

"တင်မ်၊ အမေက မစ္စက်လိရှ်ကို ရဲစခန်းလိုက်ပို့ဖို့ သားကို လွှတ်လိုက်

mgyoe.com

မယ် ပြောထားတယ်၊ အားနာစရာ ကောင်းလိုက်တာ၊ သူက စပိန်လို တစ်လုံးမှ နားလည်တာ မဟုတ်ဘူး"

ဟု ပြောသည်။ တင်မိက မျက်နှာကို မဲ့ကာ–

"သူ့လက်စွပ် ပျောက်တဲ့ကိစ္စ အတွက်လား၊ ဘာလဲ၊ သူက အခိုးခံရတယ်လို့ပဲ ထင်နေတုန်းလား၊ အမေသွားစေချင်ရင် သား လိုက်ပို့ပေးလိုက်ပါ့မယ်။ ဒါပေမဲ့ အချိန်ကုန်ရုံပဲရှိမှာ၊ သူလုပ်ပုံကြောင့် ဟိုတယ်က အခန်းသန့်ရှင်းရေးသမတွေတော့ ဒုက္ခရောက်ဦးမယ်၊ အဲဒီနေ့က ပင်လယ်ထဲဆင်းတော့ သူ အဲဒီလက်စွပ်ကြီး ဝတ်ထားတာ တွေ့သားပဲ၊ ရေကူးရင်း ကျပျောက်တာပဲ နေမှာ"

ဟု ပြောသည်။

"သူကတော့ လက်စွပ်ကို ချွတ်ပြီး အလှပြင်ခုံပေါ် တင်ထားခဲ့တာ သေချာတယ်လို့ ပြောတာပဲ"

"မဟုတ်တာ၊ သားမျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ၊ အဲဒီမိန်းမကြီးကိုက အရူးထတာ၊ ဒီဇင်ဘာလကြီးကို သက်သက် အရူးထပြီး ပင်လယ်ထဲ ဆင်းရတယ်လို့၊ ကြည့်ရတာ နေသာတော့ ရေက နွေးမလားဆိုပြီး ဆင်းတာ ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ သူ့ခန္ဓာဆင်ကိုယ်လုံးကြီးကို မြင်ရတာ နေစာလှူ အဝတ်အစားနဲ့တောင် အော်ဂလီဆန်ပါတယ်"

"ဟင်၊ ဒါဆို ငါလည်း အဲဒီလို နေစာလှုံမယ့် စိတ်ကူးကို လက်လျှော့လိုက်ရတော့မှာပေါ့"

တင်မိက တဟားဟား ထရယ်ပြီး–

"အမေက အဲဒီလို ဝတ်ပြီး နေစာလှုံဦးမယ် ဟုတ်လား၊ လူငယ်တွေ လုပ်ဖို့လည်း ချန်ထားပါဦး အမေရာ၊ ဟားဟားဟား"

ဟု ပြောသည်။

မစ္စက်အယ်လာတန်က သက်ပြင်းတစ်ချက် ချ၍–

"အေးကွယ်၊ ဒီနေရာမှာ မင်းအတွက်လည်း ငယ်ငယ်ရွယ်ရွယ် မိန်းကလေး တွေ ရှိစေချင်ပါတယ်"

ဟု ပြောသည်။

တင်မိက ဆုံးဖြတ်ချက် ချပြီးသည့် ဟန်ဖြင့် ခေါင်းခါလျက်

"မလိုပါဘူး အမေရယ်၊ သားအမိနှစ်ယောက်တည်း အေးအေးလူလူ နေပါရစေ"

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ဟု ပြောသည်။

"ဂျီအန်နာ ရှိရင်တော့ သဘောကျမှာပါလေ"

တင်မ်ကမဖျော်လင့်သည်ကိုကြားလိုက်ရသလိုတအံ့တသြလေသံဖြင့်

"မကျပါဘူး၊ အမေ အဲဒါတော့ မှားသွားပြီ၊ ဂျီအန်နာကြောင့် သားပျော်တာတော့ မှန်တယ်၊ ဒါပေမဲ့ သူ့ကို သဘောမကျဘူး၊ စိတ်ကူးထဲတောင် မထည့်ဖူးဘူး၊ သူ ဒီမှာ ရှိမနေတာကိုပဲ ကျေးဇူးတင်လှပါပြီ"

ဟု ပြောရင်း လေသံ ကို နှိမ့်ကာ-

"ကမ္ဘာပေါ်မှာ သား လေးစားချစ်မြတ်နိုးတဲ့ မိန်းမဆိုလို့ တစ်ယောက်ပဲ ရှိတယ် မစ္စက်အယ်လာတန်၊ အဲဒါ ဘယ်သူမှန်းလည်း အမေ သိသားနဲ့"

ဟု ထပ်ဖြည့်ပြောသည်။

သူ့မိခင်က ရှက်သွေးဖြာကာ ကြည်နူးသွားသည်။ တင်မ်က တည်ငြိမ်လေးနက်သော လေသံဖြင့်-

"လောကမှာ မွန်မြတ်တဲ့ မိန်းမတွေ ရှိတော့ ရှိတယ်၊ ရှားတယ်၊ အမေကတော့ သူတို့ထဲက တစ်ယောက်ပဲ"

ဟု ပြောလိုက်လေသည်။

## (၉)

နယူးယောက်မြို့တော်ရှိ စင်နိထရယ်ပန်းခြံကို အပေါ်စီးမှ မြင်ရသည့် တိုက်ခန်းတစ်ခုတွင် ဖြစ်သည်။ မစ္စက်ရော့ဘ်ဆင်နိက-

"သမီးရေ၊ ညည်းတော့ ကံအကောင်းဆုံး မိန်းကလေး ဖြစ်ပြီ ကော်နယ်လျာ"

ဟု ပြောလိုက်သည်။

ကော်နယ်လျာက မျက်လုံးညိုကြီးများ ဝိုင်းစက်သွားပြီး မိခင်ဖြစ်သူ မစ္စက်ရော့ဘ်ဆင်နိကို ယောင်တောင်ပေါင်တောင် လှမ်းကြည့်ရင်း-

"ဟုတ်လား၊ အံ့သြစရာ ကောင်းလိုက်တာ"

ဟု ပြောသည်။

အဘွားကြီး မစ္စမာရီဗန်စကိုင်လာက ကော်နယ်လျာ၏ ခေါင်းကို ဖွဖွ သပ်ရင်း-

m g y o e . c o m

mgyoe.com

"ဥရောပဘက် ခရီးထွက်မလို့အေ့၊ အီဂျစ်ကို သွားမှာ၊ မစ္စဘိုဝါကတော့ ထုံးစံအတိုင်း ပါမှာပေါ့၊ ဒါပေမဲ့ ဒီတစ်ခေါက်တော့ ညည်းက ငါ့ရဲ့ ကိုယ်ရေးအရာရှိအနေနဲ့ လိုက်ရမယ်"

ဟု အကြောင်းရင်းကို ရှင်းပြသည်။ ကော်နယ်လျာက–

"ဥရောပကို ခရီးထွက်ဖို့က ကျွန်မအိပ်မက်ပဲ၊ ဒီတစ်သက် ရောက်မှ ရောက်ပါ့မလားလို့တောင် တွေးမိတယ်"

ဟု ပြောသည်။ မစ္စဗန်စကိုင်လာက–

"ငါ့ရဲ့ ကိစ္စအဝဝကို ညည်းတာဝန် ယူရမှာနော်"

ဟု ပြောသောအခါ ကော်နယ်လျာက စိတ်အားထက်သန်စွာဖြင့်–

"ယူမှာပေါ့ ဒေါ်ကြီးရဲ့"

ဟု ပြောသည်။

"ကဲ... ဒါဆို ခရီးထွက်ဖို့ ကိစ္စ အတည်ပြုလိုက်ပြီ၊ မစ္စဘိုဝါကိုသာ သွားရှာချေ၊ အင်္ဂနေ့ သောက်ရမယ့်အချိန် ရောက်ပြီ"

ကော်နယ်လျာက မစ္စဘိုဝါဆီ ထွက်သွားသည်။ မစ္စက်ရှော့ဘ်ဆင်န်က မစ္စဗန်စကိုင်လာအား–

"ကျွန်မ ရှင့်ကို သိပ်ကျေးဇူးတင်တာပဲ၊ ကော်နယ်လျာက ပေါင်းသင်းဆက်ဆံမှုနည်းတော့ လူကြောက်သလိုလိုတော့ ဖြစ်နေမှာ၊ ကျွန်မလည်း နတ်ဒိဆုံးပြီးကတည်းက သူ့ကို ပွဲလမ်းသဘင်တွေဘာတွေ ခေါ်မသွားနိုင်ဘူးလေ" ဟု ပြောသည်။ မစ္စဗန်စကိုင်လာက–

"ငါလည်း သူ့ကို ခေါ်ရတာ ဝမ်းသာမိပါတယ်အေ၊ ကော်နယ်လျာက ဖင်ပေါ့တော့ လက်တိုလက်တောင်း ခိုင်းလို့ ရတယ်လေ၊ ခုခေတ်လူငယ်တွေလို ဆတ်စလူး ထမနေတာပဲ တော်လှပါပြီ"

ဟု ပြောသည်။

မစ္စက်ရှော့ဘ်ဆင်န်က ထိုင်ရာမှ ထကာ ပါးရေနားရေတွန့်၍ အနည်းငယ် ဝါကြင့်ကြင့် ဖြစ်နေသော မစ္စဗန်စကိုင်လာ၏ ပါးကို နမ်းရင်း–

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်"

ဟု ပြောသည်။

သူတို့သားအမိသည် ဆင်းရဲသောကြောင့် ချမ်းသာကြွယ်ဝသော ဆွေမျိုးနီးစပ်တစ်ဦးဖြစ်သည့် မစ္စဗန်စကိုင်လာဆီမှာ လာရောက်နေထိုင်ကြခြင်း ဖြစ်သည်။ တိုက်ခန်းလှေကားတွင် မစ္စက်ရှော့ဘ်ဆင်န်သည် ကော်နယ်လျာနှင့်

mgyoe.com

SAMPLE BOOK

အတူတက်လာသော မစ္စဘိုဝါနှင့် ဆုံမိကြသည်။ မစ္စဘိုဝါသည် အရပ်ရှည်ရှည်နှင့် ကြည့်ကောင်းသော အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ သူမ၏ လက်ထဲမှာ အဝါရောင်အရည်များ ထည့်ထားသော ဖန်ခွက်တစ်လုံး ကိုင်လာသည်။

"ကဲ... ဥရောပကို ခရီးထွက်ရတော့မှာပေါ့ မစ္စဘိုဝါ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ မစ္စက်ရော့ဘ်ဆင်နဲ့ရဲ့"

"သာယာတဲ့ ခရီးစဉ်လေး ဖြစ်ပါစေနော်"

"ကောင်းပါပြီရှင်၊ ပျော်စရာ ကောင်းမယ်လို့ ထင်ပါတယ်"

"ဒါပေမဲ့ ရှင် ပြန်လာတာတောင် သိပ်မကြာသေးဘူးနော်"

"ဟုတ်တယ် မစ္စက်ရော့ဘ်ဆင်နဲ့ရေ၊ ပြီးခဲ့တဲ့ ဆောင်းတွင်းက မစ္စဗန်စကိုင်လာနဲ့ ပါရီကို သွားတာလေ၊ အီဂျစ်ကိုတော့ မရောက်ဖူးသေးဘူး"

ကော်နယ်လျာ အပေါ်သို့ အရင်တက်သွားသည်ကို စောင့်ပြီးမှ မစ္စက်ရော့ဘ်ဆင်နဲက ချီတုံချတုံနှင့် လေသံကို နှိမ့်ကာ–

"အင်း...လမ်းမှာ ဘာအခက်အခဲမှမတွေ့ပါစေနဲ့လို့မျှော်လင့်ပါတယ်"

ဟု ပြောသည်။ သို့သော် မစ္စဘိုဝါက ပုံမှန်လေသံဖြင့်–

"ဩော်... မတွေ့စေရပါဘူး မစ္စက်ရော့ဘ်ဆင်နဲ့ရယ်၊ ကျွန်မ ကောင်းကောင်း ဂရုစိုက်မှာပါ၊ ကျွန်မက မျက်စိသိပ်လျင်တာ"

ဟု ပြောသည်။

မစ္စက်ရော့ဘ်ဆနဲက အောက်ကို ဖြည်းညင်းစွာ ဆက်ဆင်းသွားသော်လည်း မျက်နှာပေါ်တွင်တော့ မိန်ဖျော့သော အရိပ်ကလေးတစ်ခု ထင်ကျန်ရစ်နေဆဲပင်။

## (၁၀)

မြို့ထဲရှိ ရုံးခန်းထဲ၌ မစ္စတာအန်ဒရူးပန်နင်တန် တစ်ယောက် စာတစ်စောင် ဖောက်ဖတ်နေသည်။ ရုတ်တရက် သူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ စားပွဲခုံကို ဒုန်းခနဲ ထုချလိုက်သည်။ သူ့မျက်နှာက နီရဲလာကာ နဖူးတွင် သွေးကြောကြီး နှစ်ချောင်း ထောင်လာသည်။ သူက စားပွဲခုံပေါ်ရှိ ဖုတစ်ခုကို ဖိနှိပ်လိုက်သောအခါ သပ်ရပ်သော အဝတ်အစားနှင့် လက်ရေးတိုစာရေးတစ်ဦး ချက်ချင်း ဝင်လာသည်။

mgyoe.com

mgyoe.com

"မစ္စတာရော့ခ်ဖို့ထ်ကို ဝင်လာဖို့ ပြောလိုက်"

"ဟုတ်ကဲ့ပါ၊ မစ္စတာပန်နင်တန်"

ခဏလောက် ကြာသောအခါ ပန်နင်တန်၏ လုပ်ဖော်ကိုင်ဖက် စတန်ဒေးလ်ရော့ခ်ဖို့ထ်ရုံးခန်းထဲဝင်လာသည်။ သူတို့နှစ်ဦး၏အသွင်က နည်းနည်းလေးမှ မတူချေ။ ရော့ခ်ဖို့ထ်သည် အရပ်ရှည်ရှည်၊ ဆံပင်ဖြူဖြူနှင့် လိမ္မာပါးနပ်သော မျက်နှာ ရှိသည်။

"ဘာကိစ္စလဲ မစ္စတာပန်နင်တန်"

ပန်နင်တန်က စာကို ဖတ်နေရင်းက မော့ကြည့်ကာ-

"လင်းနက် လက်ထပ်သွားပြီတဲ့"

ဟု ပြောသည်။

"ဘာ..."

"ကျုပ်ပြောတာ မကြားဘူးလား။ လင်းနက် လက်ထပ်သွားပြီတဲ့ဗျ"

"ဘယ်တုန်းကလဲ၊ ကျွန်တော်တို့လည်း ဘာမှ မကြားမိပါလား"

ပန်နင်တန်က စားပွဲပေါ်က ပြက္ခဒိန်ကို တစ်ချက် လှမ်းကြည့်ကာ

"ကျုပ် ဒီစာကို ဖတ်နေတဲ့ အချိန်မှာပဲ လက်ထပ်သွားတာဗျ၊ ဒီနေ့ပဲ"

ဟု ပြောသည်။ ရော့ခ်ဖို့ထ်က ခုံတစ်လုံး ယူထိုင်ကာ

"ဗျူး...၊ အသိမပေးဘာမပေးနဲ့ဗျာ။ နေပါဦး၊ ဘယ်သူနဲ့ လက်ထပ်တာလဲ"

ဟု မေးသည်။

ပန်နင်တန်က စာကို ပြန်ကြည့်ကာ-

"ဆိုင်မွန်ဒ္ဒိုင်းလ်နဲ့တဲ့"

ဟု ပြောသည်။

"ဟောဗျာ၊ အဲဒါ ဘယ်ကကောင်လဲ၊ တစ်ခါမှလည်း မကြားဖူးပါလား"

"သူက ဒီကောင့်အကြောင်း ဘာမှ သိပ်ပြောမထားဘူးဗျ၊ ကြည့်ရတာ လူသိပ်မသိစေချင်တဲ့ပုံပဲ၊ ဒါက အရေးမကြီးပါဘူးဗျာ၊ အရေးကြီးတာက သူ လက်ထပ်တဲ့ ကိစ္စ"

နှစ်ယောက်သား မျက်လုံးချင်း ဆုံသွားသောအခါ ရော့ခ်ဖို့ထ်က ခေါင်းညိတ်ပြရင်း-

"တွေးစရာတွေတော့ ဖြစ်လာပြီ၊ ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

mgyoe.com

ဟု တိတ်ဆိတ်စွာ ပြောသည်။

"အဲဒါ ခင်ဗျားကို ကျုပ် မေးရမှာ"

နှစ်ယောက်သား ငြိမ်သက်သွားသည်။ ပြီးမှ ရေ့ာခ်ဖို့ထ်က–

"ဘယ်လို လုပ်မယ် စိတ်ကူးလဲ"

ဟု မေးသည်။ ပန်နင်တန်က–

"နော်မန်ဒီရွက်လှေက ဒီနေ့ ထွက်မှာ။ ခင်ဗျားနဲ့ ကျွန်တော်တစ်ယောက်ယောက်တော့ လိုက်သွားမှ ဖြစ်မယ်"

ဟု တစ်လုံးချင်း ပြောသည်။

"ခင်ဗျား ရူးနေလား"

"လင်းနက်က အီဂျစ်ကို ဟန်းနီးမွန်း ထွက်တော့မှာ၊ အဲဒီမှာ တစ်လလောက်ကြာမယ် ထင်တယ်၊ ဒီထက်မကတောင် ကြာချင်ကြာမှာ၊ သူ့ကို တွေ့ချင်ရင် အဲဒီကို လိုက်သွားမှ ဖြစ်မယ်၊ ဒါမှ ဟိုဗြိတိသျှရှေ့နေတွေထက် လက်ဦးမှာ"

"အီဂျစ်ကို ဟုတ်လား"

"ဟုတ်တယ်၊ သင်္ဘောပေါ်မှာ သူနဲ့ တွေ့ခွင့်ရမယ်၊ လင်းနက်နဲ့ သူ့ယောက်ျားက ဟန်းနီးမွန်း ထွက်လာတာ ဆိုတော့ ကျုပ်တို့ လုပ်ရမယ့် ကိစ္စက သိပ်တော့ မခက်ခဲလောက်ပါဘူး"

"လင်းနက်က တော်တော်တော့ ပါးနပ်တာပဲ။ ဒါပေမဲ့..."

"နည်းလမ်း တစ်ခုခုတော့ ရှိမှာပါ"

ရေ့ာခ်ဖို့ထ်က ခေါင်းညိတ်သည်။ ပန်နင်တန်က နာရီကို ကြည့်ကာ

"ကဲ... ခင်ဗျားနဲ့ ကျွန်တော် ဘယ်သူ သွားရင် ကောင်းမလဲ၊ အမြန်သွားမှ ဖြစ်မှာ"

ဟု ပြောသည်။

"ခင်ဗျားပဲ သွားလိုက်၊ ခင်ဗျားက လင်းနက်နဲ့ အဆင်ပြေတယ်၊ သူက ခင်ဗျားကိုဆို "အန်ကယ်အန်ဒရူး၊အန်ကယ်အန်ဒရူး"နဲ့ ဖြစ်နေတာ၊အဲဒါအဓိကပဲ"

ပန်နင်တန်၏ မျက်နှာက တည်သွားသည်။

"အောင်မြင်နိုင်မယ်လို့ ထင်တာပဲ"

"အောင်မြင်မှာပါ၊ အခြေအနေက အသည်းအသန် လုပ်မှ ရတော့မှာ"

mgyoe.com

mgyoe.com SAMPLE BOOK

# (၁၁)

လန်ဒန်မြို့ရှိ ရုံးခန်းတစ်ခုထဲဝယ် ဝီလျံကာမိုက်ကယ်က သူ့စာရေးအား–

"မစ္စတာ ဂျင်မ်ကို လွှတ်လိုက်စမ်းပါ"

ဟု ခိုင်းလိုက်သည်။

ဂျင်မ်ဖန်သော့ပ်က ဦးလေးဖြစ်သူ အခေါ်လွှတ်သည်နှင့် ရုံးခန်းထဲ ဝင်လာသည်။ ဝီလျံက သူ့တူကို မော့ကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြသည်။

"ဦးလေး ခေါ်တယ်ဆိုလို့"

"ရော့၊ ဒီစာကို ဖတ်ကြည့်စမ်း၊ အီဂျစ်က ခုပဲ ပို့လိုက်တာ"

ဂျင်မ်က ခုံမှာ ဝင်ထိုင်ကာ သူ့ဦးလေး လှမ်းပေးသော စာကို ယူဖတ်ပြီး ချက်ချင်း တုံ့ပြန်သည်။

"ဒါက ကျွန်တော်နဲ့ ဘာများ ဆိုင်လို့လဲ ဆရာ"

ဝီလျံက ဟင်းခနဲ ရေရွတ်လိုက်သဖြင့် ဂျင်မ်က စာကို အသံထွက် ဖတ်ပြသည်။

"ဒီလိုနေ့မျိုးမှာ အလုပ်ကိစ္စအကြောင်း ပြောရတာ အားတော့နာတယ် ရှင်၊ ကျွန်မတို့ မီနာဟောက်စ်ဟိုတယ်မှာ တစ်ပတ်နေပြီး ဖိုင်းယမ်မြို့ဘက် ခရီးထွက်မလို့၊ သဘက်ခါကျရင် နိုင်းလ်မြစ်ကို သင်္ဘောနဲ့ ဖြတ်ပြီး လက်ဇ်ဆား၊ အက်စ်ဆွမ် စတဲ့မြို့တွေဆီ သွားမှာ၊ ခါတူးမ်မြို့ကိုလည်း ရောက်ချင်ရောက် မယ်၊ ဒီမနက် ကျွန်မ သင်္ဘောလက်မှတ် သွားဖြတ်တော့ ဘယ်သူ့ကို တွေ့တယ် ထင်လဲ၊ အမေရိကန်က ငွေကြေးစီမံအုပ်ထိန်းသူ အန်ဒရူးပန်နင်တန်ရှင့်၊ လွန်ခဲ့တဲ့ နှစ်နှစ်က ရှင်တို့နှစ်ယောက် ဆုံဖူးမယ် ထင်တယ်၊ သူ အီဂျစ်ကို ဘာလာလုပ်တာလဲ မသိဘူး၊ ကျွန်မ လက်ထပ်သွားတဲ့ အကြောင်းလည်း သူ့ကို မပြောရသေးပါဘူး၊ သူက ကျွန်မတို့သွားမယ့် သင်္ဘောနဲ့ တစ်စီးတည်းလိုက်မှာ၊ ဒါ တိုက်ဆိုင်တာကော ဟုတ်ပုံ့မလား၊ ရှင် ဆောင်ရွက်ပေးခဲ့တာတွေကို ကျေးဇူး အများကြီးတင်ပါတယ်၊ ကျွန်မ..."

ဂျင်မ်က စာကို တစ်ဖက်လှန်ရန် ပြင်လိုက်စဉ် ဝီလျံက ပြန်ဆွဲယူသွား သည်။

"ကျန်တာတွေက သိပ်အရေးမကြီးပါဘူး၊ ကဲ... မင်း ဘယ်လိုထင်လဲ"

ဂျင်မ်က ခဏလောက် စဉ်းစားကာ

"ကျွန်တော်တော့ တိုက်ဆိုင်တယ်လို့ မထင်ဘူး"

mgyoe.com

ဟု ပြောသည်။

ဝီလျံက ထောက်ခံသည့်အနေနှင့် ခေါင်းညိတ်ပြကာ–

"အီဂျစ်လို နေရာမျိုးမှာ လာတွေ့တာ တိုက်ဆိုင်စရာလား"

ဟု ဝေါက်ထည့် လိုက်ပြီး–

"အချိန်ကုန်ခံလို့ မဖြစ်တော့ဘူး၊ မင်း အီဂျစ်ကို လိုက်သွားရမယ်"

ဟု ပြောသည်။

"ဘာလို့ ကျွန်တော် သွားရမှာလဲ"

"ခေါင်းသုံးစမ်းပါ ဟကောင်ရ၊ လင်းနက်ရော၊ ပန်နင်တန်ပါ မင်းကို မတွေ့ဖူးဘူးလေ၊ လေယာဉ်နဲ့ သွားရင်တော့ မီမှာပဲ"

"ဟာ... လေယာဉ်ကြီး မစီးချင်ပါဘူး"

"မစီးလို့ မရဘူး၊ အချိန်မီ ရောက်မှ ဖြစ်မှာ"

"အဲဒီလောက် လိုလို့လား"

"ငါ့အမြင်တော့ ဒီထက်တောင် လိုသေးတယ်"

## (၁၂)

မစ္စက်အောတားဘွန်းက အရောင်စုံ တောက်နေသော ပဝါကြီးကို ခေါင်းမှာ ပတ်ရင်း ပြောနေကျအတိုင်း ပြဇာတ်ဆန်ဆန် လေသံဖြင့် –

"အီဂျစ်ကို ဘာကိစ္စ သွားရဦးမှာလဲအေ၊ ငါဖြင့် ဂျေရုစလမ် သွားတာ နဲ့တင် ပင်ပန်းလှပါပြီ"

ဟု ပြောသည်။

သမီးဖြစ်သူ ရိုစလီက ဘာမှ ပြန်မပြောဘဲ သတင်းစာကိုသာ သဲသဲ မဲမဲ ကြည့်နေသည်။ သူမ ဖတ်နေသော သတင်းမှာ–

"ယခင်က လူမှုနယ်ပယ်တွင် အလှပဂေး တစ်ဦးဖြစ်သည့် မစ္စလင်းနက် ရစ်ဂျ်ဝေးသည် မစ္စတာဆိုင်မွန်ဒွိုင်းလ်နှင့် လက်ထပ်ပြီးစီးခဲ့ပြီဖြစ်သည်။ ယခုအခါ မစ္စတာနှင့် မစ္စက် ဒွိုင်းလ်တို့သည် အီဂျစ်နိုင်ငံသို့ ဟန်းနီးမွန်း ထွက်နေကြသည်"

ဟူ၍ ဖြစ်သည်။

ရိုစလီက သူ့မိခင်အား–

mgyoe.com

mgyoe.com SAMPLE BOOK

"အမေလည်း အိဂျစ်ကို သွားချင်နေတာ မဟုတ်လား"

ဟု လှမ်းမေးသည်။

"သွားတော့ သွားချင်တာပေါ့အေ၊ ဒီမှာတော့ ငါ့ဝတ်ပုံစားပုံကို လိုက်တုပြီး ဝတ်နေကြပြီ၊ ငါက ကြော်ငြာပေးနေသလိုတောင် ဖြစ်နေတာ၊ အဝတ်အစား ဝယ်ရင် ငါ့ကို ဈေးတောင် လျှော့ပေးသင့်တာ၊ ဈေးလျှော့ပေးဖို့ စကားလေး စကြည့်မိပါတယ်၊ အမလေး၊ ဖြစ်ပျက်နေလိုက်တာမျှား၊ ဝယ်သူကို ဆက်ဆံတာ မသိရင် အလကား ပေးရတာ ကျနေတာပဲ၊ ရိုင်းလိုက်ပါဘိသနဲ့"

ရိစလီက သက်ပြင်းချကာ–

"ဘယ်နေရာမဆို ဒီလိုချည်းပဲ မဟုတ်လား၊ သမီးတော့ မြန်မြန် သွားချင်လှပြီ"

ဟု ပြောသည်။

"ဒီမနက်ကလည်း မန်နေဂျာကောင်က ငါ့ကို ပြောတာဆိုတာ စိတ်မရှည်တဲ့ပုံနဲ့၊ အခန်းတွေ ပြည့်နေလို့ နှစ်ရက်အတွင်း ပြောင်းပေးပါတဲ့"

"ဒီလိုဆို အတော်ပဲပေါ့၊ သွားရတော့မယ့်ဟာ"

"အို ... ဘယ်ရမလဲ၊ ငါ့မှာလည်း တောင်းဆိုပိုင်ခွင့်တော့ ရှိသေးတယ်လေ"

"အမေကလည်း၊ ဘာလုပ်မှာလဲ၊ ပြောမနေပါနဲ့တော့၊ ဘာမှ ထူးတာလည်း မဟုတ်ဘဲနဲ့"

"အိဂျစ် မသွားလို့ကော ဘာဖြစ်မှာလဲအေ့၊ မသွားရလည်း သေမှာ ကျနေတာပဲ"

တကယ်တော့သူမ၏စကားမှားသည်။ ဤခရီးတွင် သေခြင်းတရားက အတိအကျ ရှိနေခဲ့လေသည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း နှစ်

အက်စ်ဆွမ်မြို့ရှိ ကာတာရက်ဟိုတယ် အပြင်ဘက်တွင် မစ္စက်အယ်လာတန်နှင့် တင်မ်တို့ သားအမိက ကြက်သွေးရောင်တောက်တောက် ကြိမ်ကုလားထိုင်များနှင့် ထိုင်နေကြသည်။ သူတို့က အဖြူရောင်ဝတ်စုံကို သပ်ရပ်စွာ ဝတ်စားထားသော ပုပုဝဝ လူကြီးမင်းတစ်ဦးနှင့် အရပ်ရှည်ရှည်၊ ပိန်ပိန်သွယ်သွယ်နှင့် မိန်းကလေးတစ်ဦး စကားတပြောပြောနှင့် ဟိုတယ်ဆီ လမ်းလျှောက်လာနေသည်ကို စောင့်ကြည့်နေကြသည်။ မစ္စက်အယ်လာတန်က တင့်မ်အား–

"အဲဒါ စုံထောက်ကြီး ဟာကြျူလီပွိုင့်ရိုး ဆိုတာပေါ့"

ဟု ပြောသည်။

တင်မ်က သတိပေးခံလိုက်ရသလို ခန္ဓာကိုယ်ကို ခပ်မတ်မတ် ပြင်ထိုင်ရင်း–

"ဟိုပုပျပ်ပျပ်နဲ့ လူကြီးလား၊ ရယ်စရာကြီးနော်၊ နေပါဦး၊ သူက ဒီကို ဘာလာလုပ်တာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောသည်။ မစ္စက်အယ်လာတန်က ရယ်မောကာ–

"သားရယ်၊ မင့်လေသံကလည်း စိတ်လှုပ်ရှားနေသလိုကြီး၊ ယောက်ျား တွေဟာ မှုခင်းဆိုရင် ဘာလို့ သိပ်စိတ်ဝင်စားကြမှန်း မသိဘူး၊ ငါတော့ စုံထောက် ဇာတ်လမ်းဆိုရင် မုန်းလွန်းလို့ တစ်ခါမှ မဖတ်ဘူး၊ မစ္စတာပွိုင့်ရိုးကတော့ ဒီကို ရာဇဝတ်သား လာဖမ်းတာ ဟုတ်မယ် မထင်ပေါင်၊ သူလည်း ငွေလေး စုမိ ဆောင်းမိရှိသွားတော့ အနားယူ အပန်းဖြေခရီး ထွက်လာတာ ထင်ပါရဲ့"

"ဟိုမိန်းကလေးကတော့ ဒီမှာ ကြည့်အကောင်းဆုံး ဖြစ်မယ် တူပါရဲ့"

သားဖြစ်သူ၏ စကားကြောင့် မစ္စက်အယ်လာတန်က မသိမသာ ခေါင်းငဲ့ ကြည့်သည်။ မိန်းကလေးက မျက်နှာကို သုံးလက်မလောက် ဖုံးသည့် ဦးထုပ်ကြီး တစ်လုံး ဆောင်းထားသည်။ သူမ လမ်းလျှောက်ပုံက ဆင်မယဉ်သာကလေး။

"ဟုတ်မယ်၊ ကောင်မလေးက အတော်လှမယ့်ပုံပဲ"

မစ္စက်အယ်လာတန်က ပြောပြောဆိုဆို သားဖြစ်သူဘက် မျက်လုံး ထောင့်ကပ်ကြည့်ရင်း စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်သွားသည်။

"လှတာထက်ကို ပိုဦးမယ်၊ အပေါက်ဆိုးရင်တော့ သွားပြီ"

"အမြင်နဲ့တော့ မဆုံးဖြတ်နဲ့လေ သားရဲ့"

"လှတဲ့သူတွေက ကြောက်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ သူကတော့ အတော်လှတာပဲ"

သူတို့သားအမိ အတင်းတုတ်နေသူမှာ ပွိုင့်ရိုးဘေးမှ ဖြည်းညင်းစွာ လိုက်လျှောက်လာသော ရိုစလီအော့တားဘွန်းပင် ဖြစ်သည်။ ရိုစလီသည် ထီးတစ်ချောင်းကို ဖွင့်ဆောင်းရကောင်းမလား၊ ပိတ်ထားရကောင်းမလား ဝေခွဲမရဟန်ဖြင့် ကိုင်လျက် မျက်မှောင်ကြုတ်ထားပြီး နှုတ်ခမ်းကို မဲ့ထားသည်။ ပွိုင့်ရိုးကတော့ အူမြူးနေဟန်ဖြင့် ဘေးမှ စကားတပြောပြောနှင့် လိုက်လာသည်။ သူသည် ပနားမားဦးထုပ်ကို သေချာဖိဆောင်းထားပြီး လက်ကိုင်ပါသော ဝီစကီပုလင်းကြီးတစ်လုံးကိုလည်း ကိုင်ထားသည်။ သူတို့နှစ်ယောက်သား ဂိတ်ပေါက်ဝကို ဖြတ်ကာ အေးမြသော ဟိုတယ်ဥယျာဉ်ရိပ်ထဲ ဝင်လာကြသည်။ ပွိုင့်ရိုးက–

"ကျုပ်က ကျောက်တုံးမည်းမည်းကြီးတွေနဲ့ နေရောင်ကောင်းကောင်း ရတဲ့ တစ်နေရာ ရှာနေတာ၊ မြစ်ထဲက လှေတွေကို မြင်ရရင် ကောင်းမယ်၊ မင်းရော"

mgyoe.com

mgyoe.com
SAMPLE BOOK


ဟု ပြောသည်။ ရှိစလီက–

"ကောင်းပါတယ်၊ အက်စ်ဆွမ်ကတော့ သိပ်နေလို့ မကောင်းဘူး၊ ဟိုတယ်ကလည်း လူတစ်ဝက်လောက်ပဲ ရှိတာ၊ လာတဲ့လူတွေကလည်း အသက်တစ်ရာလောက် ရှိမလား မသိဘူး"

ဟု ပြောရင်း တစ်ခုခုကို သတိရသွားဟန်ဖြင့် အောက်နှုတ်ခမ်းကို ကိုက်သည်။

ဟာကြျူလီပွိုင့်ရိုးက မျက်လုံးလေး ပေကလတ်ပေကလတ်နှင့်–

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကျုပ်လည်း သချိုင်းကုန်းကို ခြေတစ်ဖက် လှမ်းနေပြီကိုး"

ဟု ပြောသည်။

"ဟိုလေ…၊ ဦးကို ရည်ရွယ်ပြောတာ မဟုတ်ပါဘူးရှင်၊ တောင်းပန်ပါတယ်နော်၊ ကျွန်မပြောတာ ရိုင်းသလို ဖြစ်သွားတယ်"

"ရပါတယ်ကွယ့်၊ မင်းလည်း လူငယ်လူရွယ် အပေါင်းအသင်းတွေ လိုချင်မှာပေါ့၊ အယ်၊ ဟိုမှာ လူရွယ်တစ်ယောက်ပါလား၊ အနည်းဆုံးတော့ တစ်ယောက် ရပြီ"

"သူ့အမေနဲ့ ထိုင်နေတဲ့ တစ်ယောက်ကို ပြောတာလား၊ သူ့အမေ ပုံစံကိုတော့ သဘောကျပါရဲ့၊ သူကတော့ မာန်တက်နေတဲ့ ပုံပါ"

ပွိုင့်ရိုးက ပြုံး၍–

"ဦးပုံစံကရော မာန်တက်နေတဲ့ပုံ ပေါက်သလားကွဲ့"

ဟု မေးလိုက်သည်။

"အို… မပေါက်ပါဘူး"

ရှိစလီက ပွိုင့်ရိုး၏စကားကို လုံးဝစိတ်ဝင်စားပုံ မရချေ။ သို့သော် ပွိုင့်ရိုးက စိတ်အနှောင့်အယှက်ဖြစ်သည့်ဟန် လုံးဝမရှိ။

"ဦးရဲ့ အချစ်ဆုံးမိတ်ဆွေကတော့ ဦးကို သိပ်မာန်တက်တာပဲလို့ ပြောတတ်တယ်"

"ဟုတ်လား၊ ဦးအနေနဲ့ကတော့ မာန်တက်ချင် တက်လို့ ရတာပဲ၊ ကျွန်မကတော့ အမှုအခင်းတွေဆို လုံးဝ စိတ်မဝင်စားဘူး"

"အခုလို ပွင့်ပွင့်လင်းလင်း သိရလို့ ဝမ်းသာပါတယ်။ မင်းက စိတ်ထဲ ရှိတာကို ဖုံးမထားတတ်ဘူးပဲ"

mgyoe.com

mgyoe.com


ထိုခဏတွင် ရိစလီက ဘာကို ပြောချင်တာလဲဟူသော အဓိပ္ပာယ်နှင့် ပွိုင့်ရိုးကို ဖျတ်ခနဲ ကြည့်လိုက်သော်လည်း ပွိုင့်ရိုးက သတိထားမိပုံ မပြဘဲ ဆက်ပြောသည်။

"မင်းအမေတော့ ဒီနေ့ နေ့လယ်စာ လာမစားဘူးနော်၊ စားချင်စိတ်များ မရှိလို့လား"

"အမေက ဒီနေရာနဲ့ သိပ်ဟန်မကျချင်ဘူးလေ၊ ဒီဟိုတယ်ကနေ မြန်မြန်သွားရမှာတော့ ဝမ်းသာတယ်"

"ဦးတို့က တစ်လှေတည်း စီး၊ တစ်ခရီးတည်း သွားမယ့် သူတွေပဲဟာ၊ ဟုတ်တယ် မဟုတ်လား၊ နောက်သွားရမှာက ဝဒီဟယ်လ်ဖာမြို့နဲ့ ဒုတိယမြစ်လက်တက်ကြီး မဟုတ်လား"

"ဟုတ်တယ်"

သူတို့က ဥယျာဉ်ထဲမှ ထွက်ကာ မြစ်ကမ်းဘေးက ဖုန်ထူသော လမ်းမတစ်ခုပေါ် ရောက်လာကြသည်။ လမ်းပေါ်တွင် ပေါင်မုန့်သည် ငါးယောက်၊ ပိုစကတ်သည် နှစ်ယောက်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အီဂျစ်နောက်ချေးပိုး အဆောင်လက်ဖွဲ့ရုပ်များ ရောင်းသည့် ဈေးသည်သုံးယောက်နှင့် မြည်းငှားသည့် ကောင်လေးများလည်း ရှိသည်။ သူတို့က ပွိုင့်ရိုးတို့ကို မျှော်လင့်တကြီး လိုက်ကြည့်ရင်း ဝယ်ပါ၊ ယူပါ တစာစာနှင့် တကောက်ကောက် လိုက်ရောင်းကြသည်။

"ပုတီးလေးတွေ လိုချင်သလား ဆရာ၊ သိပ်လှတယ်နော်၊ ဈေးလည်း ပေါတယ်..."

"နောက်ချေးပိုး ယူဦးမလားခင်ဗျ၊ ဒီမှာ ကြည့်၊ ကံကောင်းစေတယ်နော်"

"မြည်းစီးသွားဦးလေ၊ သိပ်လိမ္မာတာ၊ ဒီမြည်းတွေနာမည်က ဝီစကီနဲ့ ဆိုဒါတဲ့"

"ပိုစကတ်လေးတွေ အားပေးသွားဦးလေ"

"ပေါင်မုန့်ဖြူဖြူလေးတွေ ဝယ်စားသွားပါဦး"

ပွိုင့်ရိုးက သူ့ဆီသို့ ပျားများလို အုံခဲလာသော ဈေးသည်အုပ်ကို လက်တခါခါနှင့် ငြင်းနေသည်။ ရိစလီကတော့ အိပ်ရာထဲမှ ယောင်ယမ်း လမ်းထ

mgyoe.com

mgyoe.com SAMPLE BOOK


လျှောက်လာသူလို အနောက်မှ လိုက်လာရင်း–

"မျက်မမြင်၊ နားမကြား ဖြစ်နေရင် ကောင်းမယ်"

ဟု မှတ်ချက်ချသည်။

ဈေးသည်များနှင့် ဆိုင်များက တစ်လမ်းလုံး ရှိနေပြီး တစ်ယောက်တစ်မျိုး လှမ်းခေါ်ကြသည်။

"ဆိုင်ထဲကို ဝင်ကြည့်သွားဦးလေ"

"မိချောင်းစွယ် လိုချင်သလား ဆရာ"

"ကျွန်တော့်ဆိုင်ထဲ ဝင်မကြည့်ရသေးဘူး မဟုတ်လား၊ သိပ်လှတဲ့ပစ္စည်းတွေ ပြမယ်လေ"

နောက်ဆုံးတွင် ဈေးတန်းအဆုံးရှိ မြစ်ကမ်းစပ်သို့ ရောက်လာသည်။ ဆိပ်ကမ်းတွင်နိုင်းလ်မြစ်ကိုဖြတ်မည့်ရေနွေးငွေ့သုံးနှစ်ထပ်သင်္ဘောများရှိသည်။ သင်္ဘောတစ်စီးက ယခုမှ ဆိုက်ကပ်ထားဟန်ရှိသဖြင့် ပွိုင့်ရိုးနှင့် ရိုစလီတို့က ဆင်းလာသည့် ခရီးသည်များကို စိတ်ဝင်တစား လိုက်ကြည့်ကြသည်။ ရိုစလီက

"လူတွေ အများကြီးပဲနော်"

ဟု ဆိုသည်။

ထိုစဉ် တင်မ်အယ်လာတန်ပါ သူတို့ဆီ ရောက်လာသည်။ သူက လမ်းအမြန် လျှောက်ခဲ့ရသည်ထင့်၊ ဟောဟဲဟောဟဲနှင့် အသက်ရှူနေသည်။ ခဏလောက်မတ်တတ်ရပ်ကြည့်နေပြီးနောက်တင်မ်ကမနှစ်မြို့သည့်လေသံဖြင့်

"ထုံးစံအတိုင်း လူတွေက အများကြီးပါပဲလား၊ စိတ်ပျက်စရာ"

ဟု ပြောသည်။ ရိုစလီက–

"ဟုတ်တယ်နော်၊ ဒီလိုချည်းဆို ဘယ်ကောင်းပါ့မလဲ"

ဟု ထောက်ခံသည်။

သုံးယောက်သား ခရီးသည်အသစ်များကို လိုက်ကြည့်နေစဉ် တင်မ်က ရုတ်တရက် စိတ်လှုပ်ရှားစွာဖြင့်–

"ဟာ... ဟိုမှာ လင်းနက်ရစ်ဂျ်ဝေး မဟုတ်လား"

ဟု ပြောသည်။

သူ့စကားကြောင့် ပွိုင့်ရိုးက ဘယ်လိုမှ မနေသော်လည်း ရိုစလီကတော့ စိတ်ဝင်စားစွာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသဖြင့် ကြုတ်ထားသော မျက်မှောင် ပင် ပြေသွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘယ်မှာလဲ၊ အဖြူနဲ့ တစ်ယောက်လား"

"ဟုတ်တယ်၊ ကမ်းစပ်ကို ဆင်းလာတဲ့သူ၊ အရပ်ရှည်ရှည်နဲ့ လူက သူ့ယောက်ျားဖြစ်မယ်၊ သူ့နာမည်က ဘယ်သူဆိုလား၊ ပါးစပ်ဖျားတင် မေ့နေတယ်"

"ဆိုင်မွန်ဒွိုင်းလ်လေ၊ သတင်းစာထဲမှာ ပါနေတာပဲ၊ လင်းနက်က သိပ်ချမ်းသာတာဆို၊ ဟုတ်လား"

"အင်္ဂလန်မှာ အချမ်းသာဆုံး မိန်းကလေးတွေထဲက တစ်ယောက် ပေါ့ဗျာ"

သုံးယောက်သား ကမ်းစပ်ပေါ် ဆင်းလာသည့် ခရီးသည်များကို တိတ်ဆိတ်စွာ လိုက်ကြည့်နေကြသည်။ ပွိုင့်ရိုးက အခုမှ စိတ်ဝင်စားလာဟန်ဖြင့် လိုက်ငေးရင်း–

"တော်တော် လှတာပဲ"

ဟု ရေရွတ်သည်။ ရိုစလီက–

"တချို့သူတွေများ သူတို့လိုချင်တာ အကုန်ရတာပဲနော်"

ဟု ခါးသက်စွာ ဆိုသည်။

လင်းနက်တို့ လျှောက်လာသည်ကို ကြည့်နေသော ရိုစလီ့မျက်နှာတွင် ရန်လိုမုန်းတီးသော အသွင်ပေါ်လာသည်။ လင်းနက်က နာမည်ကျော် မင်းသမီးတစ်ယောက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့် စင်ပေါ် တက်လာသလိုမျိုး တစ်လှမ်းချင်း လျှောက်လာသည်။ သူမသည် သွားလေရာ လူအကြည့်ခံရ၊ အားအကျခံရသည်ကို ရိုးနေသဖြင့် အခုလည်း ဘယ်လိုမှ နေပုံမရချေ။ သူမကို ကြည့်နေသည့် မျက်လုံးများကို သတိထားမိသော်လည်း သိပ်အရေး မစိုက်လှ။ သူမက ပြုံးတုံ့တုံ့နှင့် ဘေးက ခင်ပွန်းသည်ဘက် လှည့်ကာ တစ်ခုခု ပြောသည်။ သူတို့လင်မယားက ပွိုင့်ရိုးနားမှ ဖြတ်လျှောက်သွားသဖြင့် ဆိုင်မွန်ဒွိုင်းလ် ပြောသည့် စကားကို ကြားရသည်။

"အချိန်ရအောင် ကြိုးစားကြတာပေါ့ ဒါလင်၊ မင်းနေချင်ရင် တစ်ပတ် နှစ်ပတ်လောက်တော့ အလွယ်လေး နေလို့ ရပါတယ်"

သူမခင်ပွန်း ပြန်ဖြေသည့် လေသံကို ကြားသောအခါ ပွိုင့်ရိုး စိတ်ဝင်စားသွားပြီး မျက်မှောင်ကြုတ်မိသည်။ ထိုအသံကို မှတ်မိသွားသဖြင့် သူ့မျက်လုံးထဲတွင် လက်ခနဲဖြစ်ကာ ဘဝင်ကျသွားသည်။ ဆိုင်မွန်ဒွိုင်းလ်က လင်းနက်ဘက် လှည့်၍ အနည်းငယ် နိမ့်ချသော လေသံဖြင့် လေးလေးစားစား

mgyoe.com

m g y o e . c o m  SAMPLE BOOK 

စိတ်ပါလက်ပါ ပြောခြင်း ဖြစ်သော်လည်း လေယူလေသိမ်းက ချစ်မြတ်နိုးဖွယ် ကောင်းလှသည်။ ပွိုင့်ရိုးက သူ့ကို သေချာကြည့်လိုက်သောအခါ ပခုံးကားကား၊ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ ပြာမှောင်သော မျက်လုံးများနှင့် ပြုံးသည့်အခါ ကလေးငယ်တစ်ဦးပမာ ရိုးရိုးရှင်းရှင်းနှင့် အပြစ်ကင်းစင်လှသည်ကို တွေ့ရသည်။ သူတို့လင်မယား ကျော်သွားသောအခါ တင်မ်က–

"ကံကောင်းလိုက်တဲ့ ငနဲသားကွာ၊ ချမ်းသာတဲ့ မိန်းမအများစုက တစ်နေရာရာမှာ ချွတ်ယွင်းနေတတ်ကြပေမယ့် လင်းနက်ကတော့ ရှာမှရှားပဲ"

ဟု ပြောသည်။

ရိုစလီက အားကျသော လေသံဖြင့်–

"သူတို့ကို ကြည့်ရတာ တော်တော်ပျော်နေကြပုံပဲနော်"

ဟု ပြောပြီး ရုတ်တရက် တင်မ် မကြားနိုင်အောင် လေသံကို နှိမ့်ကာ–

"မတရားလိုက်တာ"

ဟု ဆိုသည်။

တင်မ်က ရိုစလီ့ စကားကို မကြားသော်လည်း နားပါးသော ပွိုင့်ရိုးက တော့ ကြားသွားသဖြင့် သူမကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ တင်မ်က–

"အမေမှာတဲ့ ပစ္စည်းတွေ သွားယူလိုက်ဦးမယ်"

ဟု ဆိုကာ ပြန်ထွက်သွားသည်။

ပွိုင့်ရိုးနှင့် ရိုစလီက ဟိုတယ်ဘက်သို့ဖြည်းညင်းစွာပြန်လျှောက်ကြစဉ် ပွိုင့်ရိုးက–

"ဒါ မတရားဘူးပေါ့နော်၊ ဟုတ်လား မိန်းကလေး"

ဟု ညင်သာစွာ မေးလိုက်သည်။

ရိုစလီ့မျက်နှာက ဒေါသဖြင့် နီရဲသွားသည်။

"ဘာကို ပြောချင်တာလဲ မသိဘူး"

"ခုနက တိုးတိုးလေး ပြောတဲ့ စကားကို ပြန်ပြောပြတာပါ၊ မင်းပဲ ပြောလိုက်တယ်လေ"

ရိုစလီက ပခုံးတစ်ချက် တွန့်ကာ–

"လူတစ်ယောက်အတွက် ရနေတာတွေက သိပ်များနေသလားလို့ပါ၊ ငွေကြေး၊ ရုပ်ရည်၊ ထင်ပေါ်ကျော်ကြားမှု၊ ပြီးတော့..."

ဟု ပြောကာ ရပ်သွားသည်။ ပွိုင့်ရိုးက–

mgyoe.com

mgyoe.com


"ပြီးတော့ ချစ်မေတ္တာ မဟုတ်လား၊ ဒါပေမဲ့ မင်းမသိတာက ကောင်လေးက သူ့ကို သိပ်ချမ်းသာလို့ လက်ထပ်ခဲ့တာပဲ"

ဟု ပြောသည်။

"သူ့ခင်ပွန်းက သူ့ကို ကြည့်တဲ့အကြည့်ကို ဦး မမြင်ဘူးလား"

"မြင်တာပေါ့ မိန်းကလေးရဲ့ ဦး အကုန် မြင်ပါတယ်၊ မင်းမမြင်တာတွေကိုပါ မြင်တယ်"

"ဘာကိုလဲ"

ပွိုင့်ရိုးက ဖြည်းလေးစွာဖြင့်–

"ဦး မြင်တာကတော့ မိန်းမတစ်ယောက်ရဲ့ ပင်ပန်းနွမ်းနယ်နေတဲ့ မျက်လုံးတွေရယ်၊ စိတ်ကျဉ်းကျပ်မှုကြောင့် တင်းနေအောင် ဆုပ်ထားတဲ့ လက်တစ်ဖက်ရယ်ပဲ"

ဟု ပြောသည်။

ရိုစလီက ပွိုင့်ရိုးကို စိုက်ကြည့်ကာ–

"ဘာကို ပြောချင်တာလဲဟင်"

ဟု မေးသည်။

"ပြောင်ပြောင်မြင်တိုင်းလည်း ရွှေလို့ မမှတ်နဲ့ကွဲ့၊ ဒီမိန်းကလေးဟာ ချမ်းသာတယ်၊ လှပချောမောတယ်၊ ချစ်မြတ်နိုးဖွယ် ကောင်းတယ်၊ သို့ပေမဲ့လည်း ဒီလိုပြည့်စုံနေတာကိုက ချွတ်ယွင်းချက်တစ်ခု ဖြစ်နေနိုင်တယ်၊ ဒီ့အပြင် ကျုပ်သိထားတာ တစ်ခုလည်း ရှိသေးတယ်"

"ဟုတ်လား၊ ဘာများပါလိမ့်"

ပွိုင့်ရိုးက မျက်မှောင်ကြုတ်ကာ–

"တစ်ချိန်တုန်းက မစ္စတာဒွိုင်းလ်ရဲ့ လေသံကို တစ်နေရာရာမှာ ကြားခဲ့ဖူးတယ်။ ဘယ်နေရာမှာ ကြားမိမှန်း စဉ်းစားလို့ မရဘူး"

ဟု ပြောသည်။

သို့သော် ရိုစလီက နားမထောင်ဘဲ အသေကောင်လို တိတ်နေရင်းမှ ရုတ်တရက် ထပေါက်ကွဲသည်။

"ကျွန်မကတော့ လင်းနက်ကို မုန်းတယ်၊ သိပ်မုန်းတာပဲ၊ ဖြစ်နိုင်ရင် နေရာမှာတင် သားရဲတစ်ကောင်အဖြစ် ပြောင်းလဲပြီး သူ့အဝတ်တွေကို တစ်စစီ ဆွဲဆုတ်ပစ်ချင်တယ်၊ သူ့ရဲ့ မာနတက်နေတဲ့၊ ယုံကြည်မှုတွေ ပြည့်နေတဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK


လှပါတယ်ဆိုတဲ့ မျက်နှာကိုလည်း ကုတ်ဖဲ့ပစ်လိုက်ချင်တယ်၊ ဟုတ်တယ်၊ ကျွန်မ မနာလိုတယ်၊ ကျွန်မခံစားရတာ အဲဒါပဲ၊ သူက သိပ်မုန်းဖို့ကောင်းအောင် အောင်မြင်ကျော်ကြားပြီး လှပနေတာကိုး"

ပွိုင်ရိုးက အနည်းငယ်အံ့အားသင့်စွာ ကြည့်ပြီးသူမ၏လက်တစ်ဖက်ကို ဆွဲ၍ နှုတ်ဆက်လိုက်သည်။

"ကောင်းတယ်၊ ဒီလို ဖွင့်ပြောလိုက်မှ ခံစားရ သက်သာတာ"

ဟု ပြော လိုက်သည်။

"ကျွန်မ လူတစ်ယောက်ကို ခုမှ မြင်ဖူးရုံနဲ့ တစ်ခါမှ ဒီလောက် မမုန်းဖူးဘူး"

"အံ့သြစရာပဲ"

ရိုစလီက သူ့ကို ဇဝေဇဝါကြည့်ပြီး နှုတ်ခမ်းတစ်ချက် မဲ့ရွဲ့ကာ ရယ်မောလိုက်သည်။ ပွိုင်ရိုးက–

"ဒါမှပေါ့"

ဟု ဆိုကာ လိုက်ရယ်သည်။

သူတို့နှစ်ယောက်သား ခင်မင်ရင်းနှီးစွာ ဟိုတယ်သို့ ပြန်လာကြသည်။ ဟောခန်းမကြီးထဲ ရောက်သောအခါ ရိုစလီက–

"အမေ့ကို သွားရှာလိုက်ဦးမယ်"

ဟု ဆိုကာ ထွက်သွားသည်။

ပွိုင်ရိုးက နိုင်းလ်မြစ်ကြီးကို အပေါ်စီးမှ ကြည့်ရန် လေသာဆောင်သို့ တက်လာခဲ့သည်။ လေသာဆောင်တွင် လက်ဖက်ရည်ဝိုင်းများ အစောကြီး ခင်းထားသည်။ သူက မြစ်ရေပြင်ကို ခဏလောက် မတ်တတ်ရပ်ကြည့်ကာ ဥယျာဉ်ထဲ လမ်းလျှောက်ရန် အောက်ပြန်ဆင်းသည်။ တချို့က နေပူထဲမှာ တင်းနစ်ရိုက်နေသည်။ သူက ခဏလောက် ရပ်ကြည့်ပြီး မတ်စောက်သော လမ်းလေးအတိုင်း ဆက်ဆင်းလာသည်။

လမ်းခုလတ်တွင် ခုံတန်းရှည်တစ်ခုမှာ ထိုင်လျက် နိုင်းလ်မြစ်ကို ငေးကြည့်နေသော ရှေးမားထန်စားသောက်ဆိုင်က မိန်းကလေးကိုတွေ့ရသည်။ ပွိုင်ရိုးက သူမကို ချက်ချင်း မှတ်မိလိုက်သည်။ သို့သော် ယခုတော့ သူမ၏ မျက်နှာသည် ယခင်ကနှင့်မတူဘဲ တော်တော်ကြီးကို ကွာခြားနေလေသည်။ သူမသည် ပို၍ ပိန်ပါးဖြူရော်နေပြီး စိတ်ဓာတ်ကျနေသလိုမျိုး ချုံးချုံးကျနေသည်။

mgyoe.com

mgyoe.com

ပွိုင့်ရိုးက သူမကို ကျော်အောင် လျှောက်သွားပြီးမှ နောက်ပြန်ဆုတ်၍ ခဏ ရပ်ကြည့်သည်။ သူမသည် ပွိုင့်ရိုး ရှိနေသည်ကို လုံးဝသတိမထားမိဘဲ ခြေထောက်ချိတ်ထိုင်ကာ ခြေဖျားနှင့် မြေကြီးကို စိတ်မရှည်သလို တဖတ်ဖတ် ပုတ်နေသည်။ သူမ၏မျက်လုံးများက မှုန်ရီမှောင်မှိုင်းနေပြီး မြစ်ပြင်မှာ လွင့်နေသော အဖြူရောင် ရွက်လှေများကိုသာ ကြည့်နေသည်။ ပွိုင့်ရိုးသည် သူမ၏မျက်နှာကော အသံကို သတိရလာသောအခါ သတို့သား အသစ်စက်စက် ကလေး၏ အသံကိုပါ မှတ်မိသွားသည်။ မစ္စတာဆိုင်မွန်ဒိုင်းလ်သည် ရေးမားထန် စားသောက်ဆိုင်မှာတုန်းက ဤမိန်းကလေးနှင့် အတူရှိနေခဲ့သည်။ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းတော့ ဖြစ်ကုန်ကြပြီ ထင်ပါရဲ့ဟု တွေးရင်း မတ်တတ်ရပ်ကြည့်နေမိသည်။

ထိုအချိန်မှာပင် အသံတချို့ ထွက်လာသဖြင့် မိန်းကလေးက ခုံမှ ထလိုက်သည်။ လင်းနက်နှင့် ဆိုင်မွန်က လမ်းအတိုင်း ဆင်းလာသည်။ လင်းနက် အသံက ယုံကြည်မှုအပြည့်နှင့် ပျော်ရွှင်မြူးထူးနေသည်။ ပင်ပန်းနွမ်းနယ်နေသော အရိပ်အယောင် တစ်စက်မျှ မရှိတော့။ မိန်းကလေးက သူတို့နှစ်ယောက်ဆီ လျှောက်သွားသောအခါ လင်းနက်တို့ နှစ်ယောက် ခြေလှမ်းများ တုံ့သွားသည်။

"ဟဲလို၊ လင်းနက်၊ ဘယ်ပြေးဦးမလဲ၊ ဟဲလို... ဆိုင်မွန်၊ နေကောင်းရဲ့လား"

လင်းနက်က အထိတ်တလန့်ဖြင့် ဟင်ခနဲ အသံတစ်ချက် ထွက်ကာ နောက်ကို ယို့သွားသည်။ ဆိုင်မွန်၏ တည်ကြည်ခန့်ညားသော ရုပ်သွင်က တစ်မုဟုတ်ချင်း ဒေါသတို့ဖြင့် ပြည့်လျှမ်းသွားသည်။ သူက ပိန်ပိန်သေးသေး မိန်းကလေးကို တွန်းတိုက်သွားတော့မယောင် ရှေ့တိုးလာသည်။ သို့သော် သူက ပွိုင့်ရိုးကို လှမ်းမြင်ကာ ရပ်တန့်လိုက်သဖြင့် လူစိမ်းတစ်ဦး ရှိသည်ကို နားလည်သွားသော မိန်းကလေးက ပွိုင့်ရိုးကို အခုမှ လှည့်ကြည့်သည်။ ဆိုင်မွန်က အယောင်ယောင်အမှားမှားနှင့်-

"ဟဲလို ဂျက္ကလင်း၊ မင်းကို ဒီမှာ တွေ့ရလိမ့်မယ်လို့ ထင်မထားမိဘူး"

ဟု ပြောသည်။

သူ့စကားက မဖျော်လင့်ဘဲ တွေ့လိုက်ရသော်လည်း နှုတ်ဆက်သည့်ဟန် လုံးဝမပေါက်ချေ။ ဂျက္ကလင်းက သွားကလေးများ ပေါ်အောင် ပြုံးကာ-

"တော်တော်မှ အံ့ဩသွားလား"

mgyoe.com

ဟု မေးရင်း ခေါင်းတညိတ်ညိတ်ဖြင့် သူတို့နှစ်ဦးကို ကျော်လွန်ကာ လမ်းအတိုင်း ဆက်လျှောက်သွားသည်။

ပွိုင့်ရိုးက သူမနှင့် ဆန့်ကျင်ဘက်ကို ဦးတည်ကာ ညင်သာစွာ ထွက်ခွာသွားသည်။ လင်းနက်၏–

"ဒုက္ခပါပဲ ဆိုင်မွန်ရယ်၊ ဘယ်လိုလုပ်ကြမလဲ"

ဟူသည့် စကားကိုတော့ ကြားဖြစ်အောင် ကြားလိုက်လေသည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း သုံး

ညစာ စားပြီးကြသောအခါ ကာတာရက်ဟိုတယ် အပြင်ဘက်ရှိ လေသာဆောင်က မီးရောင်မှိန်ဖျော့ဖျော့နှင့် နူးညံ့လှပနေသဖြင့် ဧည့်သည်အများစုက စားပွဲဝိုင်းကိုယ်စီနှင့် ထွက်ထိုင်ကြသည်။ လင်းနက်နှင့် ဆိုင်မွန် ထွက်လာတော့ သူတို့ဘေးမှာ အရပ်ရှည်ရှည်၊ ဆံပင်ဖြူဖြူ မုတ်ဆိတ်ကျင်စွယ်တို့ကို သပ်ရပ်စွာ ရှင်းလင်းထားသော အမေရိကန်မျက်နှာပေါက်နှင့် လူကြီးတစ်ဦးလည်း ပါလာသည်။ သူတို့က တံခါးဝမှာ ချည်တုံချတုံ ဖြစ်နေဟန် ရသဖြင့် အနီးနားရှိ တင်မ်အယ်လာတန်က သူတို့ဆီ ထသွားသည်။ တင်မ်က လင်းနက်ကို–

"ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်၊ ကျွန်တော်က ဂျီအန်နာဆောက်သ်ဝုဒ်ရဲ့ အစ်ကိုဝမ်းကွဲလေ"

ဟု ပြောလိုက်သည်။ လင်းနက်က–

"သြော်... ဟုတ်ပါရဲ့၊ ကျွန်မနှယ် မေ့တတ်ရန်ကော၊ တင်မ်အယ်လာတန်ပဲ၊ ဟောဒါက ကျွန်မခင်ပွန်းလေ"

ဟု ပြောကာ လေသံအနည်းငယ် နိမ့်သွားပြီး–

mgyoe.com

SAMPLE BOOK

"ဒါက ကျွန်မရဲ့ အမေရိကန်က ရှေ့နေပါ၊ မစ္စတာအန်ဒရူးပန်နင်တန်တဲ့"

ဟု မိတ်ဆက်ပေးသည်။ တင်မ်က–

"ကျွန်တော့်အမေနဲ့ မိတ်ဆက်ပေးပါရစေ"

ဟု ဆိုကာ သူတို့သားအမိ ထိုင်နေသည့် စားပွဲသို့ ခေါ်သွားသည်။

မိနစ်အနည်းငယ် ကြာသောအခါ တင်မ်နှင့် မစ္စတာပန်နင်တန်က လင်းနက်၏ ဘေးတစ်ဖက်စီတွင် ထိုင်ကာ သူ့ထက်ငါ အလုအယက် စကားပြောကြသည်။ ဆိုင်မွန်ကတော့ မစ္စက်အယ်လာတန်နှင့် အဖွဲ့ကျနေသည်။ ဆုံလည်တံခါး ထပ်၍ ပွင့်လာသောအခါ လင်းနက်က စိတ်အနှောင့်အယှက်ဖြစ်သွားဟန်ဖြင့် လှမ်းကြည့်လိုက်သော်လည်း ထွက်လာသူမှာ ပုပုဝဝနှင့် အမျိုးသားကြီးတစ်ယောက် ဖြစ်နေသည်။ မစ္စက်အယ်လာတန်က–

"ဒီဟိုတယ်မှာ နာမည်ကျော်က မင်းတစ်ယောက်တည်း မဟုတ်တော့ဘူး လင်းနက်ရေ၊ ခုနက လူက ဟာကြူလီပွိုင့်ရိုးပေါ့"

ဟု ပြောသည်။ လင်းနက်က တစ်ချက် တွေသွားကာ

"ဟာကြူလီပွိုင့်ရိုး ဟုတ်လား၊ ကျွန်မ သူ့အကြောင်း ကြားဖူးတယ်..."

ဟု ပြောသည်။

လင်းနက်သည် သူ့မဘေးရှိ တင်မ်နှင့် မစ္စတာပန်နင်တန်တို့၏ စကားများကိုအာရုံမစိုက်ချေ။ ပွိုင့်ရိုးကလေသာဆောင်အဆုံးထိဆက်လျှောက်သွားစဉ် ထောင့်တစ်နေရာမှာ ထိုင်နေသော မစ္စက်အော့တာဘွန်းက–

"ဒီမှာ လာထိုင်လေ၊ မစ္စတာပွိုင့်ရိုးရဲ့၊ သိပ်လှတဲ့ ညပဲ"

ဟု ပြောသည်။

ပွိုင့်ရိုးက သူ့မ၏ စကားကို နာခံကာ ပြုံးပြရင်း

"သိပ်ဟုတ်တာပေါ့ အစ်မကြီးရယ်၊ ဒီညက သိပ်လှတာပဲ"

ဟု ပြောရင်း ဝင်ထိုင်သည်။

မစ္စက်အော့တားဘွန်းက ဆရာမကြီးလေသံဖြင့်–

"ဒီမှာ နာမည်ကျော်တွေ အများကြီး ရောက်နေတာပဲ။ ချမ်းသာတဲ့ မိန်းမလှတွေ၊ စာရေးဆရာတွေ၊ စုံထောက်တွေ..."

ဟု ပြောကာ ဟက်ခနဲ ရယ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပွိုင့်ရိုးက ညနေကထက် ပို၍ သုန်မှုန်စွာ ထိုင်နေသည့် ရိုစလီကို သတိထားမိသည်။ သူက ယဉ်ကျေးပျူငှာသော လေသံဖြင့်–

"ဩော် အစ်မကြီးက ဝတ္ထုရေးနေတာလား"

ဟု မေးလိုက်သည်။

မစ္စက်အော့တားဘွန်းက သတိအနည်းငယ် ထားကာ ရယ်ဟာဟာနှင့်

"ကျွန်မက သိပ်ပျင်းတာ၊ ကျွန်မရဲ့ စာဖတ်ပရိသတ်ကတော့ တမျှော်မျှော်ပေါ့၊ မကြာခင် ပြန်ရေးတော့မှာပါ၊ ထုတ်ဝေသူလည်း သနားပါတယ်"

ဟု ပြောသည်။

ပွိုင့်ရိုးက ရိုစလီ တစ်ဖက်လှည့်သွားသည်ကို မကြည့်ဘဲ သိလိုက်သည်။ မစ္စက်အော့တားဘွန်းက–

"အခု ဒီကို လာလည်တာက ရေးစရာ ကုန်ကြမ်းလေးဘာလေး ရလိုရငြားလည်း ပါတာပေါ့လေ၊ နောက်ရေးမယ့် စာအုပ်အသစ်ရဲ့နာမည်က "ကန္တာရမျက်နှာပေါ်မှာ ဝေတဲ့ နှင်း"တဲ့၊ ဘယ်လိုလဲ၊ နာမည်က ဆွဲဆောင်မှု တော့ ရှိတယ် မဟုတ်လား၊ အကြံပေးစမ်းပါဦး၊ ကန္တာရပေါ်မှာ ကျတဲ့ နှင်းဆို တော့ ငွေ့ရည်ဖွဲ့ မြန်မှာပေါ့၊ နော၊ ဇာတ်ကောင်တစ်ယောက်ကတော့ သန်မာမှ ဖြစ်မယ်၊ အမှန်အတိုင်းပြောရရင် လိင်အသားပေးခန်းတွေလည်း အများကြီး ပါတာပေါ့၊ လူတွေက လိင်အသားပေးခန်းတွေပါတဲ့ ဝတ္ထုဆိုရင် ဘာလို့ လန့်ကြတာလဲ မသိပါဘူး၊ စာကြည့်တိုက်တွေက တားလည်း ကိစ္စတော့ မရှိပါဘူး၊ ရှင်ကော ကျွန်မစာအုပ်တွေ ဖတ်ဖူးလား"

ဟု မေးသည်။

"ကျွန်တော်က ဝတ္ထုတွေ ဘာတွေ သိပ်ဖတ်လေ့မရှိဘူး၊ အလုပ်က လည်း..."

"ဒါဆို ရှင့်ကို "သဖန်းပင်အောက်မှာ" ဆိုတဲ့ စာအုပ်ပေးမယ်၊ ရှင် စိတ်ဝင်စားလောက်မှာပါ၊ တကယ့်အဖြစ်အပျက်ကို ဇာတ်အိမ်တည်ထားတာ..."

ရိုစလီက အခွင့်အရေးကို လက်လွတ်မခံဘဲ

"သမီး စာအုပ်သွားယူပေးလိုက်မယ်"

ဟု ခပ်သွက်သွက် ပြောလိုက်သည်။ မစ္စက်အော့တားဘွန်းက–

"နေပါစေ၊ အမေပဲ သွားယူလိုက်ပါ့မယ်"

ဟု စိတ်ဆိုးမာန်ဆိုး ပြောသည်။

mgyoe.com

"အမေက မစ္စတာပွိုင့်ရိုးနဲ့ပဲ စကားဆက်ပြောပါလေ"

"ဘယ်နေရာမှာ ထားလဲ ညည်း မသိပါဘူးအေ"

"သိပါတယ် အမေရဲ့"

ရိုစလီက ပြောပြောဆိုဆို ထထွက်သွားသည်။ ပွိုင့်ရိုးက–

"အစ်မကြီးက သိပ်သဘောကောင်းတာပဲ၊ ကျွန်တော် ပျော်ပျော်ကြီး ဖတ်မှာပါ"

ဟု ပြောလိုက်သဖြင့် မစ္စက်အော့တားဘွန်း တိတ်သွားကာ လည်ပင်းမှာ ဆွဲထားသော ပုတီးစေ့ဆွဲကြိုးအရှည်ကြီးကို ဟိုလှည့်လိုက်၊ သည်လှည့်လိုက် လုပ်နေသည်။ ပွိုင့်ရိုးက သူမကို ဦးညွှတ်ရင်း–

"ခင်ဗျားမှာ သိပ်ချစ်ဖို့ ကောင်းတဲ့ သမီးကလေး တစ်ယောက် ရှိတာ ဂုဏ်ယူပါတယ်ဗျာ"

ဟု ပြောလိုက်သည်။

"ရိုစလီ့ကို ပြောတာလား၊ အင်း၊ ဟုတ်တယ်၊ သူက ရုပ်ရည်လေးတော့ ရှိပေမယ့် သိပ်ခေါင်းမာတာ၊ မအေမို့ ညှာမယ် မထင်နဲ့၊ သူလုပ်ရင် ဖြစ်ရမယ် လို့ချည်း တွေးတတ်တယ်၊ ကျွန်မရဲ့ ကျန်းမာရေးကိုလည်း ကျွန်မထက် သူက ပိုသိတယ် ထင်နေတာ"

ပွိုင့်ရိုးက ဖြတ်လျှောက်လာသော စားပွဲထိုးလေးကို အချက်ပြ၍ လှမ်းခေါ်ကာ–

"တစ်ခွက်သောက် သောက်ရအောင် အစ်မကြီး၊ သျှက်ထရစ် သောက်မလား၊ ခရမ်ဒမာ့သ် သောက်မလား"

ဟု မေးလိုက်သည်။

မစ္စက်အော့တားဘွန်းက သတိကြီးစွာ ထား၍ ခေါင်းတခါခါဖြင့်–

"အို... မဟုတ်တာ၊ ကျွန်မက အရက်သောက်ခဲတယ်၊ သံပရာရည်နဲ့ ရေကလွဲပြီး ကျန်တာ ဘာမှသိပ်မသောက်တာ ရှင်သတိထားမိချင် ထားမိမှာပေါ့၊ အရက်ရဲ့ အရသာကို ခံစားလို့ မရဘူး"

ဟု ပြောသည်။

"ဒါဆို သံပရာရည် မှာပေးမယ်လေ"

ပွိုင့်ရို့က စားပွဲထိုးကို သံပရာရည် တစ်ခွက်၊ ဘန်နဒစ်တင်း အရက် တစ်ခွက် မှာလိုက်သည်။ ဆုံလည်တံခါး ပွင့်လာကာ ရိုစလီက စာအုပ်တစ်အုပ် ကိုင်လျက် ထွက်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရော့ ဒီမှာ"

သူမလေသံက သိပ်အသက် မပါလှချေ။ မစ္စက်အော့တားဘွန်းက

"မစ္စတာပွိုင့်ရိုးက အမေ့အတွက် သံပရာရည် တစ်ခွက် မှာလိုက်ပြီ"

ဟု ပြောသည်။ ပွိုင့်ရိုးက–

"မင်းကော ဘာသောက်မလဲကွဲ့"

"မသောက်တော့ဘူး၊ ကျေးဇူးပဲ"

ပွိုင့်ရိုးက မစ္စက်အော့တားဘွန်း လှမ်းပေးသော စာအုပ်ကို ယူကြည့်လိုက်သည်။ မျက်နှာဖုံးတွင် ဆံပင်ဖွာလန်ကျဲနှင့် အဝတ်မဲ့ မိန်းကလေးတစ်ယောက် ကျားသားရေပေါ်မှာ ထိုင်နေသည်။ သူမ၏ အပေါ်တွင် ဝက်သစ်ချရွက်များနှင့် အပင်တစ်ပင် ရှိပြီး ပန်းသီးနှင့် တူသော အသီးကြီးများ သီးနေသည်။ စာအုပ်ခေါင်းစဉ်မှာ "သဖန်းပင်အောက်မှာ" ဟူ၏။ ရေးသူမှာ ဆလုမ်းအော့တားဘွန်း ဖြစ်သည်။ အဖုံးပေါ်တွင် ထုတ်ဝေသူ၏ "အကြောက်အရွံ့ ကင်းမဲ့သော၊ လက်တွေ့ဆန်သော၊ သမားရိုးကျ အစဉ်အလာမှ လမ်းခွဲထွက်သော ဝတ္ထု" ဟူသော ဖော်ပြချက်ပါသည်။ ပွိုင့်ရိုးက–

"လေးစားပါတယ် အစ်မကြီး"

ဟု ပြောရင်း ခေါင်းမော့ကြည့်လိုက်တော့ ရိုစလီနှင့် မျက်လုံးချင်းဆုံမိသည်။

သူမ၏ မျက်လုံးထဲတွင် ရှက်ရွံ့သလို ခံစားနေရကြောင်း ရိပ်မိလိုက်သည်။ ထိုစဉ် စားပွဲထိုးက မှာထားသော သောက်စရာများ လာချပေးသဖြင့် ပွိုင့်ရိုးက သူ့ခွက်ကို မြှောက်ကာ ချီးယားစ်လုပ်သည်။ မစ္စက်အော့တားဘွန်းက သံပရာရည် တစ်ငုံ သောက်ကာ–

"လန်းဆန်းသွားတာပဲ၊ အရသာလည်း ရှိမှရှိ"

ဟု ပြောသည်။

သို့နှင့် သုံးယောက်သား နိုင်းလ်မြစ်ကြီး၏ ကျောက်ဆောင်မည်းမည်းကြီးများကို ငြိမ်သက်စွာ ကြည့်ရှုခံစားကြသည်။ လရောင်ကြောင့် ကျောက်ဆောင်များက တစ်မျိုးတစ်မည် ဆန်းကြယ်လှပနေသည်။ မသိလျှင် ရေထဲတွင် သတ္တဝါကောင်ကြီးများ လဲလျောင်းနေသည့်အလား။ ရုတ်တရက် လေညင်းကလေး တိုက်လာပြီး ပျောက်ကွယ်သွားသည်။ ထိုလေတစ်သုတ်ကြောင့် စိတ်ထဲတွင် မျှော်လင့်ချက်များ ပေါက်ဖွားလာသည့်နှယ်။

ပွိုင့်ရိုးက လေသာဆောင်နှင့် ထိုင်နေကြသူအပေါင်းကို ပြန်ငေးရင်း

mgyoe.com

mgyoe.com

အခြားသူများကော သူ့လို ခံစားကြရရဲ့လားဟု တွေးမိသည်။ ထိုခဏသည် ခေါင်းဆောင်မင်းသမီး စင်ပေါ်တက်အလာကို စောင့်နေသလိုမျိုးနှင့် တူသည်။ ထိုအချိန်မှာပင် ဆုံလည်တံခါး ပွင့်လာသဖြင့် လူတိုင်းက ပြောလက်စကို ရပ်ကာ လှည့်ကြည့်လိုက်ကြသည်။

ဆံပင်အနက်ရောင်၊ ဝိုင်နီရောင် ညနေခင်းဂါဝန်နှင့် ပိန်ပိန်သွယ်သွယ် မိန်းကလေးတစ်ယောက် လေသာဆောင်သို့ ထွက်လာသည်။ သူမက တံခါးဝမှာ ခဏလောက် တုံ့ခနဲ ဖြစ်သွားပြီး ဘယ်သူမှ မရှိသော စားပွဲဝိုင်းမှာ တစ်ယောက်တည်း သွားထိုင်သည်။ သူမ၏ အပြုအမူက ဝင့်ကြွားဟန် မရှိသော်လည်း ထိုအရာကပင် တစ်နည်းတစ်ဖုံ ဆွဲဆောင်နေသည်။ မစ္စက်အော့တားဘွန်းက ခေါင်းတညိတ်ညိတ်ဖြင့်–

"အင်း၊ သူလည်း ခေသူတော့ မဟုတ်လောက်ဘူး"

ဟု ရေရွတ်သည်။

ပွိုင့်ရိုးက ဘာမှ မပြောဘဲ ကြည့်၍သာ နေသည်။ မိန်းကလေး ထိုင်နေရာမှ ကြည့်လျှင် လင်းနက်တို့ဝိုင်းကိုတန်းနေသည်။ သူမသည် တမင်တကာ ရည်ရွယ်ချက် ရှိရှိဖြင့် ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ လင်းနက်က မစ္စတာပန်နင်တန်နား ကပ်၍ တစ်ခုခု ပြောလိုက်သည်ကို ပွိုင့်ရိုးသတိထားမိသည်။ ထို့နောက် လင်းနက်နှင့် ပန်နင်တန်တို့ နေရာချင်း လဲထိုင်ကြသည်။ ယခုအခါလင်းနက်နှင့် မိန်းကလေး တို့ မျက်နှာချင်းဆိုင် ထိုင်မိသွားကြသည်။ ပွိုင့်ရိုးက တွေးတွေးဆဆဖြင့် သူ့ဘာသာ ခေါင်းညိတ်သည်။

ငါးမိနစ်လောက် ကြာသောအခါ မိန်းကလေးက မူလနေရာမှ ထကာ လေသာဆောင် အစွန်ဆုံးရှိ ခုံကို ပြောင်းထိုင်သည်။ သူမက တိတ်ဆိတ်စွာ ပြုံး၍ စီးကရက်တစ်လိပ် ထုတ်သည်။ သူမ ပြုမူနေပုံက အေးအေးလူလူပင်။ သို့သော် လင်းနက်ဆီက အကြည့်ကိုတော့ လုံးဝ မလွှဲချေ။ နာရီဝက်လောက် ကြာသောအခါ လင်းနက်က ဆတ်ခနဲ မတ်တတ်ထရပ်၍ ဟိုတယ်ထဲ ဝင်သွားသည်။ ထိုအခါ ဆိုင်မွန်လည်း ချက်ချင်းထ၍ သူမနောက် လိုက်သွားသည်။ ဂျက္ကလင်းဒဘဲလ်ဖို့တ်ကတော့ ပြုံးလျက်သာ ကျန်ခဲ့သည်။ သူမက ခုံကို နိုင်းလ်မြစ်ဘက် လှည့်ထိုင်ကာ စီးကရက်ကို မီးညှိသည်။ နှုတ်ခမ်းများကတော့ ပြုံးနေဆဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၄

လေသာဆောင်တွင် လူအများ အသီးသီး ထပြန်သွားကြသော်လည်း ဟာကြူလီ ပွိုင့်ရိုးတစ်ယောက်သာ ထိုင်လျက်သား ကျန်ရစ်ခဲ့သည်။ နိုင်းလ်မြစ်ထဲက ပြောင်လက်ချောမွတ်နေသော ကျောက်ဆောင်မည်းမည်းကြီးများက သူ့ကို ညို့ယူဖမ်းစားနေကြသည်။ သူသည် ထိုမြင်ကွင်းကို တစိမ့်စိမ့် အရသာခံ၍ ရှုစားနေစဉ် သူ့နာမည်ကို ခေါ်လိုက်သော အသံတစ်သံကြောင့် သတိဝင်လာသည်။

"မစ္စတာပွိုင့်ရိုးရှင့်"

ထိုလေသံသည် အနည်းငယ် သြဇာအာဏာသံ ပါသော်ငြား စွဲမက်ဖွယ် ကောင်းလှသည်။ ပွိုင့်ရိုးက ထိုင်ရာမှ ချက်ချင်းထကာ အသံလာရာ ကြည့်လိုက်သောအခါ လင်းနက်ကို တွေ့ရသည်။ သူမသည် အဖြူရောင် ဖဲသား ဂါဝန်နှင့် ခရမ်းရောင်ကတ္တီပါစကို ခြုံထားရာ မဟာဆန်သောအလှဖြင့် တင့်တယ်နေသည်။

"ရှင်က မစ္စတာပွိုင့်ရိုး ဟုတ်ပါတယ်နော်"

mgyoe.com

m g y o e . c o m


သူမ၏လေသံက လုံးဝမသိ၍ မေးမြန်းခြင်းမျိုးနှင့် မတူချေ။

"ဟုတ်ပါတယ် မိန်းကလေး"

"ဒါနဲ့ ကျွန်မကိုကော သိသလားရှင်"

"သိပါတယ် မိန်းကလေး၊ ကျုပ် ခင်ဗျားနာမည် ကြားဖူးပါတယ်၊ ဘယ်သူမှန်းလည်း သေချာသိပါတယ်"

လင်းနက်က ဒီလိုပဲ ဖြစ်ရမယ်လေ ဟူသည့် အဓိပ္ပာယ်မျိုးဖြင့် ခေါင်း တစ်ချက် ညိတ်သည်။ ထို့နောက် စွဲမက်ဖွယ် လေသံဖြင့် စကားကို ဆက်သည်။

"ကျွန်မနဲ့ ဖဲကစားတဲ့ အခန်းထဲ ခဏလိုက်ခဲ့ပါလားရှင်။ ကျွန်မ ရှင့်ကို ပြောပြမှ ဖြစ်မှာမို့ပါ မစ္စတာပွိုင်ရိုး"

"ကောင်းပါပြီ"

လင်းနက်က ဟိုတယ်ထဲသို့ အရှေ့မှ ဦးဆောင်သွားသည်။ ဖဲကစား သည့် အခန်းထဲ ရောက်သောအခါ လင်းနက်က ပွိုင်ရိုးကို တံခါးပိတ်လိုက်ဖို့ လက်ဟန်ခြေဟန်နှင့် ပြသည်။ ထို့နောက် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ ပွိုင်ရိုးက သူမနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။ လင်းနက်က ပြောချင် သည့်အရာကို တုံ့ဆိုင်းမနေဘဲ တဲ့တိုးပင် ပြောသည်။

"ရှင်က သိပ်တော်တဲ့ စုံထောက်ကြီးတစ်ဦးလို့ ကျွန်မ ကြားပါတယ် မစ္စတာပွိုင်ရိုး။ သိပ်ပြီး လိမ္မာပါးနပ်မှန်းလည်းသိပါတယ်။ ကျွန်မမှာ အရေးတကြီး အကူအညီ လိုအပ်နေလို့ပါ။ ဒါကို ရှင် ဆောင်ရွက်ပေးနိုင်မယ်လို့ ထင်ပါတယ်"

ပွိုင်ရိုးက ခေါင်းတစ်ချက် ငုံ့ကာ–

"မင်းက သိပ်ဖော်ရွေပါတယ် မိန်းကလေး၊ ဒါပေမဲ့ အခုလောလောဆယ် ကျုပ်က အားလပ်ရက် အပန်းဖြေခရီး ထွက်နေတာမို့ ဘယ်အမှုမှ လိုက်မပေး ပါဘူး"

ဟု ပြောလိုက်သည်။

"ကျွန်မပြောတာကို နားထောင်ပြီးရင်တော့ ပြောင်းလဲရင် ပြောင်းလဲ သွားမှာပါ"

လင်းနက်၏ လေသံက သူမ လိုချင်၊ ဖြစ်စေချင်သည့် အရာမှန်သမျှ အမြဲတမ်း ရနေသည့်ပုံဖြင့် ယုံကြည်မှု ရှိနေသည်။

"ကျွန်မလည်း တကယ်ကို ကျဉ်းထဲကျပ်ထဲ ရောက်နေလို့ပါ မစ္စတာ ပွိုင်ရိုး၊ ကျွန်မကို ချောင်ပိတ်ပြီး စိတ်ထိခိုက်အောင် လုပ်နေတာကို တားမှ ဖြစ်မယ်၊

mgyoe.com

mgyoe.com


တကယ်တော့ ရဲကို တိုင်ဦးမလို့ပါပဲ၊ ဒါပေမဲ့ ကျွန်မရဲ့ ခင်ပွန်းက ရဲတိုင်လည်း ဘာမှထူးမှာ မဟုတ်ဘူးလို့ ထင်နေပုံ ရတယ်"

ပွိုင့်ရိုးက–

"အဖြစ်အပျက်ကို နည်းနည်းလောက် ထပ်ရှင်းပြပေးရင် ပိုကောင်းတာပေါ့ မိန်းကလေး"

ဟု ယဉ်ကျေးစွာ တောင်းဆိုလိုက်သည်။

"အို…ဟုတ်သားပဲ၊ ပြောပြပါ့မယ်၊ အဖြစ်ကတော့ ရှင်းရှင်းလေးပါပဲ"

လင်းနက်က လုံးဝ တုံ့ဆိုင်းထစ်ငေါ့မနေဘဲ လုပ်ငန်းတစ်ခုအကြောင်း ပြောပြသလိုမျိုး ရှင်းလင်းပြတ်သားသော လေသံဖြင့် ပြောသည်။

"ကျွန်မရဲ့ခင်ပွန်းနဲ့ ကျွန်မ မတွေ့ခင်က သူက မစ္စဒဘဲလ်ဖို့တ်နဲ့ စေ့စပ်ထားခဲ့တယ်၊ ဒဘဲလ်ဖို့တ်ကလည်း ကျွန်မရဲ့ သူငယ်ချင်းတစ်ယောက်ပါပဲ၊ ကျွန်မရဲ့ ခင်ပွန်းက သူနဲ့ သဘောထားချင်း မတိုက်ဆိုင်တော့တဲ့အတွက် လမ်းခွဲခဲ့တယ်၊ ပြောရမှာ စိတ်တော့ မကောင်းဘူး၊ ဒဘဲလ်ဖို့တ်က ဒီကိစ္စနဲ့ ပတ်သက်ပြီး တော်တော် စိတ်မချမ်းမသာ ဖြစ်သွားတယ်၊ သူက ကျွန်မတို့ကို ဟို… လိုက်နှောင့်ယှက်တယ်လို့ ဆိုရမလား၊ အန္တရာယ်တော့ မပြုပေမယ့် ကျွန်မတို့ သွားရာနောက် တကောက်ကောက် လိုက်နေတတ်တယ်"

ပွိုင့်ရိုးက မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး

"ပုံမှန်မဟုတ်တဲ့ အပြုအမူ တစ်ခုခုတို့ ဘာတို့ကော လုပ်သလား၊ လက်စားချေတာလိုမျိုး…"

ဟု မှတ်ချက်ပေးကြည့်သောအခါ လင်းနက်က–

"ပုံမှန်မဟုတ်တာကတော့ သေချာတယ်၊ ရယ်စရာလည်း ကောင်းပါရဲ့၊ ဒါပေမဲ့ သူ့ကို မြင်ရင် စိတ်အနှောင့်အယှက် သိပ်ဖြစ်တယ်"

ဟု ပြောရင်း အောက် နှုတ်ခမ်းကို တစ်ချက်ကိုက်သည်။

ပွိုင့်ရိုးက ခေါင်းတညိတ်ညိတ်ဖြင့်–

"ဟုတ်ပြီ၊ ကျုပ် သိပြီ၊ မင်းတို့ရဲ့ ဟန်းနီးမွန်းကို တမင်လိုက်နှောင့်ယှက်နေတာပေါ့ ဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်၊ ပထမဆုံး တစ်ခေါက်က ဗင်းနစ်မြို့က ဒန်နျယ်လီ ဟိုတယ်မှာ၊ အဲဒီတုန်းကတော့ ကျွန်မက တိုက်ဆိုင်တာလို့ ထင်မိတာ၊ အရှက်

mgyoe.com

ကွဲတာပေါ့၊ နောက်တစ်ခေါက်ကျတော့ ဘရင်ဒီစီမြို့က သင်္ဘောပေါ်မှာ၊ ဒီတော့ ပါလက်စတိုင်းအထိ လိုက်တော့မယ်မှန်း သဘောပေါက်သွားတယ်။ သင်္ဘောပေါ်ကနေ သူ့ကို မျက်ခြည်ဖြတ်ထားခဲ့ပေမယ့် မီနာဟောက်စ်ဟိုတယ် ရောက်တော့ သူက အရင်ကြိုရောက်နှင့်နေတယ်"

"အခုကျတော့ရော"

"နိုင်းလ်မြစ်ကို သင်္ဘောနဲ့ ဖြတ်လာတော့ သူများ ပါလာဦးမလား ထင်လိုက်သေးတယ်၊ မတွေ့တော့မှ သြော် ဆက်လိုက်မလာတော့ဘူး ထင်ပါရဲ့ လို့ ဟင်းချရုံ ရှိသေး၊ သူက ဟိုတယ်ကို ရောက်နှင့်နေပြန်ပြီ၊ ကလေးကလားနဲ့ ဘာမှန်းကို မသိဘူး"

ပွိုင်ရိုးက သူမကို စူးစမ်းသလို တစ်ချက်ကြည့်လိုက်တော့ လင်းနက်က ဘာမှ မူပျက်မနေချေ။ သို့သော် ကုလားထိုင်လက်တန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် လက်များကတော့ ဖြူရော်နေသည်။

"ဒီတော့ မိန်းကလေးက ဒါကို ဆက်မဖြစ်ချင်တော့ဘူး ဆိုပါတော့"

"အင်း...၊ ရှင်ပဲ စဉ်းစားကြည့်၊ ဒီကိစ္စကြီး တစ်ခုလုံးက ရယ်စရာ ကောင်းမနေဘူးလား၊ ဂျက္ကလင်းကလည်း ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေ တာနဲ့ အတူတူပဲ၊ သူ့ကို ဒီလောက်အထိ အရှက်သိက္ခာ ကင်းမဲ့လိမ့်မယ်လို့ မထင်မိဘူး၊ မိန်းမမာနကလေးတောင် နည်းနည်းပါးပါး မထားနိုင်ဘူး၊ အံ့ဩပါရဲ့"

ပွိုင်ရိုးက မဆိုစလောက် လက်ကာပြပြီး–

"တခြားခံစားချက်တွေ ပိုအားကောင်းနေသရွေ့တော့ အရှက်သိက္ခာ တို့၊ မိန်းမမာနတို့ ဘယ်ပေါ်လာဦးမလဲ။ အချိန်တစ်ခုတော့ ပေးရမှာပေါ့ မိန်းကလေးရယ်"

ဟု ပြောလိုက်သောအခါ လင်းနက်က စိတ်မရှည်စွာဖြင့်–

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူ ဒီလိုလုပ်လို့ကော ဘာများ ပြန်ရမှာမို့လို့လဲ"

ဟု ပြောသည်။

"ဒါက တစ်ခုခုပြန်ရမယ် ထင်လို့ လုပ်နေတာမှ မဟုတ်ဘဲ မိန်းကလေး ရဲ့"

mgyoe.com

mgyoe.com


ပွိုင့်ရိုး၏ စကားက လင်းနက်၏ အရှိုက်ကို ထိသွားဟန် တူသည်။ သူမက ရှက်ရွံ့သွားဟန်ဖြင့်–

"ရှင်ပြောတာ မှန်ပါတယ်၊ ဒါတွေ ပြောနေရင် လိုရင်းကို ရောက်မှာ မဟုတ်တော့ဘူး၊ ဒီကိစ္စကိုသာ တစ်နည်းနည်းနဲ့ ရပ်အောင်လုပ်မှ ဖြစ်မယ်"

ဟု ပက်ခနဲ ပြန်ပြောသည်။ ပွိုင့်ရိုးက–

"မိန်းကလေးက ဘယ်လိုများ လုပ်ချင်လို့လဲ"

ဟု မေးလိုက်သည်။ လင်းနက်က စိတ်မရှည်တော့သလိုမျိုး

"ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ကျွန်မနဲ့ ကျွန်မခင်ပွန်းကို လိုက်မနှောင့်ယှက်ရင် ရပြီ၊ သူ့ကို ဥပဒေနဲ့ဖြစ်ဖြစ် သတိပေးတာမျိုးတို့ဘာတို့ တစ်နည်းနည်း တော့ လုပ်လို့ရမှာပေါ့"

ဟု ပြောသည်။

ပွိုင့်ရိုးက သူမကို သေချာစိုက်ကြည့်ကာ–

"သူကမင်းတို့ကိုလူမြင်ကွင်းမှာဆဲရေးတိုင်းထွာတာ၊ခြိမ်းခြောက်တာ လုပ်သလား၊ ကိုယ်ထိလက်ရောက် ကျူးလွန်တာ ရှိသလား"

ဟု မေးသည်။

"ဟင့်အင်း"

"ဒါဆိုရင်တော့ သူ့ကို ဘာမှလုပ်လို့ မရဘူး မိန်းကလေးရဲ့၊ ဒီနေရာ တွေဟာ ဘယ်သူမဆို လာရောက်လည်ပတ်လို့ ရတဲ့ နေရာတွေပဲ၊ သူတစ်ပါးရဲ့ ကိုယ်ပိုင်အခွင့်အရေးကို ဘာဥပဒေနဲ့မှ သွားပိတ်ပင်လို့ မရဘူး၊ လူကြားသူကြား ထဲမှာ ကိုယ့်ကို တစ်ခုခု လုပ်မှပဲ တားလို့ ရမယ်"

လင်းနက်က မယုံသင်္ကာဖြစ်စွာ–

"ရှင် ပြောချင်တာက သူ့ကို ဘာမှ လုပ်လို့ မရဘူးပေါ့ ဟုတ်လား"

ဟု မေးသည်။ ပွိုင့်ရိုးက တည်ငြိမ်စွာ–

"ကျုပ် သိရသလောက်တော့ မရဘူးကွဲ့၊ မစ္စဒဘဲလ်ဖို့တ်က ဘောင် ထဲမှာပဲ ရှိနေတာ"

ဟု ပြောလိုက်သည်။

"မဟုတ်သေးပါဘူးရှင်၊ ဘာမှ လုပ်လို့ မရဘူးဆိုတာတော့ လုံး၀ မဖြစ်နိုင်ဘူး၊ ဒီလောက် သည်းညည်းမခံနိုင်စရာကြီးကို၊ တစ်နည်းနည်းတော့ ရှိမှာပါ"

mgyoe.com

m g y o e . c o m SAMPLE BOOK


ပွိုင့်ရိုးက ခြောက်ကပ်စွာ–

"ကျုပ်လည်း မိန်းကလေးကို ကိုယ်ချင်းစာပါတယ်၊ ကျုပ်အမြင် မိန်းကလေးက ဒါမျိုးကိစ္စတွေနဲ့ သိပ်တော့ မစိမ်းလှပါဘူး ထင်ပါရဲ့"

ဟု ပြောလိုက်သည်။ လင်းနက်က မျက်မှောင်ကြုတ်ကာ

"တစ်နည်းနည်းတော့ ရှိကို ရှိရမယ်"

ဟု ရေရွတ်သည်။ ပွိုင့်ရိုးက ပခုံးတွန့်ကာ

"မိန်းကလေးတို့အနေနဲ့ တခြားတစ်နေရာရာကို ပြောင်းလို့ ရတာပဲလေ"

ဟု အကြံပေးသည်။

"ဒါဆို သူက ထပ်လိုက်လာမှာပေါ့"

"ဒါပေါ့။ လိုက်လာနိုင်တာပေါ့"

"ဒီလိုဆိုရင်တော့ မဟန်ပါဘူး၊ စိန်ပြေးတမ်း ကစားသလို ဖြစ်နေမှာပေါ့၊ ဘာလဲ၊ ကျွန်မတို့က အမြဲတမ်း ထွက်ပြေးနေရမှာလား"

"ဒါပေါ့ မိန်းကလေးရယ်၊ ဒီကိစ္စက မင်းအပေါ်မှာပဲ မူတည်နေတာ"

လင်းနက်က ခေါင်းကို မော့ကာ ပွိုင့်ရိုးကို သေချာစိုက်ကြည့်ရင်း

"ဘာကို ပြောချင်တာလဲ"

ဟု မေးသည်။ ပွိုင့်ရိုးက အရှေ့သို့ ကုန်းကာ နှစ်ကိုယ်ကြား လေသံဖြင့်–

"ဒီကိစ္စကို ဘာဖြစ်လို့ စိတ်ထဲ ထားနေမလဲ မိန်းကလေးရဲ့၊ မသိသလို နေလိုက်ရင် ပြီးတာပဲဟာ"

ဟု ခပ်တိုးတိုး ပြောသည်။

"ဘာဖြစ်ရမလဲ၊ သူ့ကို မြင်ရင် စိတ်ထဲမှာ ကလိကလိနဲ့ မခံချိမခံသာ ဖြစ်နေလို့ပေါ့ရှင့်၊ ဒါကြောင့်ပါလို့ ပြောပြီးပြီလေ"

ပွိုင့်ရိုးက ခေါင်းရမ်းကာ

"မဟုတ်သေးဘူး၊ တကယ်တော့ မစ္စဒဘဲလ်ဖို့တ်က မင်းထင်သလို အနောက်က လိုက်လာတာလည်း ဟုတ်ချင်မှ ဟုတ်မှာပါ"

ဟု ပြောလိုက်ရာ လင်းနက်က–

"ဘာကို ပြောချင်တာလဲ"

ဟု ထပ်မေးရပြန်သည်။

m g y o e . c o m

ပွိုင့်ရိုးက ခုံကို ပြန်၍ မှီထိုင်ရင်း အေးစက်စက်လေသံဖြင့်–

"မင်းကို ဇာတ်လမ်းလေးတစ်ခု ပြောပြမယ်၊ လွန်ခဲ့တဲ့ နှစ်လလောက် တုန်းကပေါ့၊ ကျုပ်ဟာ လန်ဒန်က စားသောက်ဆိုင် တစ်ခုကို သွားခဲ့တယ်၊ ကျုပ်ဘေးက ဝိုင်းမှာ စုံတွဲတစ်တွဲ ရှိတယ်၊ သူတို့ကို ကြည့်ရတာ ပျော်ရွှင်နေပြီး အတော်လည်း ချစ်ကြတဲ့ပုံပဲ၊ သူတို့က အနာဂတ်မှာ ဘာတွေ လုပ်ကြမယ်ဆိုတာ တိုင်ပင်နေတယ်၊ ကျုပ်က သူတို့ပြောတာကို တမင်နားထောင်တာတော့ မဟုတ်ဘူး၊ ကောင်လေးက ကျုပ်အနောက်တည့်တည့်မှာ ထိုင်နေတာဆိုတော့ ဒီအတိုင်းပဲ ကြားတာ၊ ကောင်မလေးရဲ့ မျက်နှာကိုလည်း မြင်ခဲ့တယ်၊ ဘာကြောင့် လဲဆိုတော့ သူက ကောင်လေးကို စိတ်ရောကိုယ်ပါ နှစ်ပြီး ချစ်မှန်း သိသာ လွန်းလို့ပဲ၊ သာမန်အပေါ်ယံ ချစ်တဲ့ မျက်နှာထားမျိုး မဟုတ်လို့ သူ့ရုပ်ကို မှတ်မိ နေတာ၊ သူတို့က စေ့စပ်ထားကြတာ၊ မကြာခင် လက်ထပ်ကြတော့မှာတဲ့၊ သူတို့က ဟန်းနီးမွန်းကို ဘယ်ထွက်မယ်လို့ ပြောတယ် ထင်သလဲ၊ အီဂျစ်ကို တဲ့ဗျ"

ဟု ပြောပြသည်။ လင်းနက်က–

"အဲဒီတော့... ဘာဖြစ်လဲ"

ဟု ခပ်ဆတ်ဆတ် မေးသည်။ ပွိုင့်ရိုးက–

"ကောင်မလေးကို ကျုပ်တွေ့တာနဲ့ တန်းမှတ်မိတာပဲ၊ ကောင်လေးရဲ့ အသံကိုရောပဲ၊ အခု သူတို့နှစ်ယောက်စလုံး အီဂျစ်ကို ရောက်နေကြတယ်၊ ကောင်လေးကတော့ ဟန်းနီးမွန်းခရီးနဲ့ လာတာ၊ ဒါပေမဲ့ တခြားမိန်းကလေး တစ်ယောက်နဲ့"

ဟု ပြောလိုက်သည်။ လင်းနက်က–

"ဒီတော့ ကျွန်မက ဘာလုပ်ရမလဲ၊ အဓိက အကြောင်းရင်းကို ကျွန်မ ပြောပြပြီးပြီလေ"

ဟု ခပ်ပြတ်ပြတ် ပြောသည်။

"အဓိကအကြောင်းရင်း...၊ ဟုတ်တာပေါ့၊ စားသောက်ဆိုင်မှာ ကောင်မလေးက သူ့သူငယ်ချင်းအကြောင်းကို ထည့်ပြောသွားတယ်၊ သူ့ကို ဘယ်တုန်းကမှ စိတ်ပျက်အောင် မလုပ်ခဲ့ဖူးတဲ့၊ သူ့ကိုဆို အမြဲကူညီဖို့ အသင့် ရှိနေတတ်တယ် ဆိုတဲ့ သူငယ်ချင်းတစ်ယောက်အကြောင်းပေါ့၊ ကျုပ်အထင် အဲဒီသူငယ်ချင်းဟာ မင်းပဲ ဖြစ်ရမယ်"

m g y o e . c o m

mgyoe.com SAMPLE BOOK


လင်းနက်က ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ

"ဟုတ်တယ်၊ သူနဲ့ ကျွန်မက သူငယ်ချင်းတွေပါလို့ ပြောပြီးပြီလေ"

ဟု ပြောသည်။

"သူက မင်းကို သိပ်ယုံကြည်ခဲ့တယ် မဟုတ်လား"

လင်းနက်က ချီတုံချတုံဖြင့်-

"ဟုတ်တယ်"

ဟု ပြောကာ စိတ်မရှည်သလိုမျိုး အောက်နှုတ်ခမ်းကို တစ်ချက်ဖိကိုက်လိုက်သည်။ပွိုင့်ရိုးကဘာမှဆက်ပြောမည့်ပုံမရသဖြင့်သူမကပင်ဆက်၍

"တကယ်တော့ ဒါက ကံအကြောင်း ဖန်လာလို့သာ ဖြစ်လာခဲ့တာပါ၊ ဘာပဲပြောပြော ဖြစ်ပြီးတာက ပြီးခဲ့ပြီပဲ မစ္စတာပွိုင့်ရိုးရဲ့"

ဟု ပြောသည်။

"ဒါပေါ့၊ ဖြစ်ပြီးတာကတော့ ပြီးခဲ့ပြီပေါ့ မိန်းကလေးရယ်၊ မင်းသမ္မာကျမ်းစာ ဖတ်ဖူးသလား မိန်းကလေး"

လင်းနက်က အနည်းငယ် စိတ်တိုလာဟန်ဖြင့်

"အင်း"

ဟု ဖြေသည်။

"ဒါဆို ဘုရင်ကြီး ဒေးဗစ်နဲ့ လယ်မြေတွေအများကြီးပိုင်တဲ့သူဌေးတွေအကြောင်း ကြားဖူးမှာပေါ့၊ ဆင်းရဲသားကတော့ လယ်မြေတစ်ကေလောက်ပဲပိုင်တယ်လေ၊ သူဌေးဟာ ဆင်းရဲသားရဲ့ တစ်ခုတည်းသော ပိုင်ဆိုင်မှုကို လုယူခံလိုက်ရတဲ့အခါ ဘယ်လိုခံစားရမလဲ၊ မင်းပြောတဲ့ ဖြစ်ပြီးခဲ့တာတွေကလည်း ဒီအတိုင်းပဲလေ"

လင်းနက်ကထိုင်ရာမှထရပ်လိုက်သည်။သူမမျက်နှာကရှက်ဒေါသနှင့်နီမြန်းလာသည်။

"ကြော်၊အခုတော့ရှင်ဘာကိုစိတ်ခုနေမှန်းကျွန်မကောင်းကောင်းကြီးသိလိုက်ရပြီ မစ္စတာပွိုင့်ရိုး၊ ကျွန်မဟာ ကိုယ့်သူငယ်ချင်းရဲ့ ချစ်သူကို ခိုးတဲ့မိန်းမရိုင်းကြီးပေါ့လေ၊ ဒီလို တစ်ဖက်သတ်အမြင်နဲ့ ကြည့်ရင်တော့ ရှင့်အထင်မှန်ကောင်း မှန်မှာပေါ့၊ ဒါပေမဲ့ သိပ်ပြီး အမြင်ကျဉ်းမြောင်းလွန်းမနေဘူးလား၊ တကယ်တော့ အမှန်တရားက လုံးဝ ဒီလို မဟုတ်ဘူး၊ ဂျက္ကလင်းက ဆိုင်မွန့်ကို သိပ်ချစ်မှန်း ကျွန်မ မငြင်းလိုပါဘူး၊ ဒါပေမဲ့ ဆိုင်မွန်ကကော၊ သူ့ကို ဒီအတိုင်း

mgyoe.com

mgyoe.com

SAMPLE BOOK


ပြန်ချစ်မယ်လို့ ထင်နေသလား၊ ဒီလိုဆိုရင်တော့ ရှင့်အထင် သိပ်မှားသွားပြီ၊ ဆိုင်မွန်က ကျွန်မနဲ့ မတွေ့ခင်အထိတော့ ဂျက္ကလင်းကို ချစ်ရင် ချစ်ခဲ့လိမ့်မယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ ဂျက္ကလင်းကို သူတကယ် မချစ်မှန်း သိလာခဲ့တယ်။

အဖြစ်အပျက်ကို ရှင်းရှင်းလင်းလင်း မြင်အောင် ကြည့်ပါ မစ္စတာပွိုင့်ရိုး၊ ဆိုင်မွန် တကယ်ချစ်တာက ဂျက္ကလင်း မဟုတ်ဘူး၊ ကျွန်မပဲ၊ ဒီတော့ သူ ဘာလုပ်မလဲ၊ ကိုယ်မချစ်တဲ့ မိန်းမကိုပဲ လက်ထပ်ပြီး သူရဲကောင်း လုပ်ရမှာလား၊ ဂျက္ကလင်းကကော ဆိုင်မွန့်ကို ရလို့ ပျော်ပါဦးမလား၊ ဒီလို လုပ်မယ်ဆိုရင် သုံးယောက်လုံး စိတ်ချမ်းသာပါ့မလား၊ တကယ်လို့ ကျွန်မနဲ့ တွေ့တဲ့အချိန်မှာ သူသာ ဂျက္ကလင်းနဲ့ အိမ်ထောင်ကျနေပြီး ဖြစ်နေမယ်ဆို တစ်မျိုးပေါ့၊ ဒါဆိုရင်တော့အိမ်ထောင်မပြိုကွဲအောင်လုပ်ရမှာကသူ့တာဝန်ပဲ၊အိမ်ထောင်ရေးမှာ လင်သည်က စိတ်မချမ်းသာရင် မယားလည်း စိတ်ဆင်းရဲရမှာပဲ၊ ဒါပေမဲ့ စေ့စပ်တယ်ဆိုတာကတော့ တရားဝင် ချည်နှောင်ထားသေးတာမှ မဟုတ်ဘဲ၊ စေ့စပ်ခြင်းမှာ တစ်ခုခု လွဲချော်ခဲ့ရင် အချိန်မီ ပြန်ပြင်လို့ ရတာပဲ မဟုတ်လား၊ ဒီဖြစ်ရပ်ဟာ ဂျက္ကလင်းကို စိတ်ထိခိုက်မယ်မှန်း ကျွန်မ သိခဲ့ပါတယ်၊ ဒီအတွက်လည်း စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဖြစ်ပြီးတော့မှ ဘာတတ်နိုင်မှာလဲ၊ အခုမဖြစ်ရင်လည်း တစ်ချိန်ချိန်မှာ ဖြစ်လာမှာပဲ၊ ဆိုင်မွန်သာ ဂျက္ကလင်းကို တကယ် မချစ်ခဲ့ရင် ကျွန်မ မဟုတ်လည်း တခြားတစ်ယောက်ယောက်ကို လက်ထပ်သွားမှာပဲ မဟုတ်လား"

"ဒီလိုကလည်း ဖြစ်ဦးမှပါ"

လင်းနက်က ပွိုင့်ရိုးကို သေချာကြည့်ကာ–

"ဘာကို ပြောချင်တာလဲရှင့်"

ဟု မေးသည်။

"မင်းပြောသွားတာတွေက တရားနည်းလမ်းကျပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

"ဘာများလဲ"

"မင်းရဲ့ ခံယူချက်ပေါ့ကွယ်၊ မိန်းကလေးရဲ့ အချစ်ဆုံး သူငယ်ချင်းဟာ မင်းရဲ့ လုပ်ရပ်ကြောင့် သိပ်ကို နာကျင်ခံစားနေရတယ်၊ ဒါကို မင်းက သနားညှာတာရမယ့်အစား သည်းညည်း မခံနိုင်ပါဘူးလို့ ဒေါသထွက်နေတယ်၊ ဘာကြောင့် ဒီလို ဖြစ်ရသလဲ၊ အကြောင်းရင်းတစ်ခုပဲ ရှိတယ်၊ မိန်းကလေးဟာ

mgyoe.com

m gyoe.com SAMPLE BOOK

ကိုယ့်လုပ်ရပ်ကို ကိုယ့်ဘာသာ အပြစ်မကင်းသလို ခံစားနေရလို့ပဲ"

လင်းနက်က ဆွေ့ဆွေ့ခုန်သွားပြီး

"ရှင်ကများ ဒီလို ပြောဝံ့သလား မစ္စတာ ပွိုင့်ရိုးရဲ့၊ ဒါတော့ သိပ်များသွားပြီ"

ဟု ဆိုသည်။

"ပြောရမှာပဲ မိန်းကလေးရဲ့၊ ဖြောင့်ဖြောင့်ပြောစရာရှိရင်တော့ ပြောရမှာပဲ၊ မင်းဟာ ကိုယ့်သူငယ်ချင်းဆီကနေ မတရားသဖြင့် ရယူထားမိတယ်ဆိုတဲ့ ခံစားချက်ကို ကံကို ပုံချပြီး လမ်းလွှဲဖို့ ကြိုးစားနေတယ်၊ ကြည့်ရတာ မင်းဟာ ဆိုင်မွန့်ကို စတွေ့လိုက်တော့မှ ခံစားချက်တွေ ပွင့်ထွက်လာတာ၊ ဒါပေမဲ့ မင်းမှာ စဉ်းစားဖို့ အခွင့်အရေး ရှိခဲ့တယ်၊ ချည်တုံချတုံလည်းဖြစ်ခဲ့မှာပဲ၊ ဒါပေမဲ့ မင်းဟာ လိုချင်တာကို ရအောင် ယူတတ်တယ်၊ ချမ်းသာတယ်၊ လိမ္မာပါးနပ်တယ်၊ ချောမောလှပတယ်၊ အရာရာ ပြည့်စုံပြီးသား၊ ဆိုင်မွန့်ကို မင်းရဲ့ ကျော့ကွင်းနဲ့ ပစ်ဖမ်းခဲ့မှာပဲ၊ ဆိုင်မွန်ဟာ ဂျက္ကလင်းရဲ့ တစ်ခုတည်းသော ပိုင်ဆိုင်မှုမှန်း သိရက်နဲ့ မင်းလုယူခဲ့တာပဲ၊ သမ္မာကျမ်းစာထဲက သူဌေးရဲ့ လုပ်ရပ်လိုပေါ့"

ထိုခဏတွင် နှစ်ယောက်စလုံး တိတ်ဆိတ်သွားသည်။ လင်းနက်က စိတ်ကို ထိန်းရင်း အေးစက်သော လေသံဖြင့်–

"လာရင်း အကြောင်းကတော့ ပျောက်သွားပြီပဲ"

ဟု ဆိုသည်။

"မပျောက်ပါဘူး၊ ကျုပ်က မင်းကို မစ္စဒဘဲလ်ဖို့တ် ဘာကြောင့် သိပ်စိတ်ဆိုးနေသလဲ ရှင်းပြတာ၊ ဒါကြောင့်သာ မိန်းကလေးတန်မဲ့ အခုလို အရှက်မရှိ တကောက်ကောက် လိုက်လာတာပေါ့၊ သူလည်း သူ့စွပ်စွဲချက်နဲ့တော့ မှန်နေတာပဲလေ"

"မမှန်ပါဘူး"

ပွိုင့်ရိုးက ပခုံးတွန့်၍

"မိန်းကလေးကသာ အမှန်တရားကို လက်ခံဖို့ ငြင်းဆန်နေတာ"

ဟု ပြောလိုက်သည်။

"လုံးဝ မဟုတ်ဘူး၊ ကျွန်မ အခုကြုံနေရတဲ့ ပြဿနာကလည်း ဒီကိစ္စ မဟုတ်ဘူး"

ပွိုင့်ရိုးက သိမ်မွေ့ညင်သာသော လေသံဖြင့်–

mgyoe.com

mgyoe.com

SAMPLE BOOK


"ဒီမယ် မိန်းကလေးရဲ့၊ မင်းသာ တခြားသူတွေအပေါ် သဘောထား ကြီးကြီးနဲ့ ကြင်နာပေးလိုက်ရင် ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ရမှာပဲ"

ဟု နားချသည်။ လင်းနက်က–

"ကျွန်မလည်း ကြိုးစားကြည့်ပါတယ်"

ဟု ပြောရင်း သူမမျက်နှာပေါ်က စိတ်ဆိုးနေသည့် အသွင် ပျောက် သွားကာ အားကိုးရာမဲ့သွားသလိုမျိုး ဖြစ်လာသည်။ ပွိုင့်ရိုးက–

"ဂျက်က္ကလင်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေတာဟာ ဒါကြောင့် ပဲ၊ အမှန်အတိုင်း ဝန်မခံဘဲ ရှောင်လွှဲနေတဲ့စိတ်က မိန်းကလေးကို ဒုက္ခပေး နေတာ၊ မင်းသူငယ်ချင်းရဲ့ စိတ်ဒဏ်ရာအတွက် မင်းမှာ တာဝန်ရှိတယ်လို့ လက်ခံလိုက်ပါကွယ်၊ ခုနက ကျုပ်ရဲ့ စကားကြောင့် ဒေါသထွက်သွားရင် ခွင့်လွှတ်ပါ၊ ဒါပေမဲ့ အမှုတစ်ခုမှာ အရေးကြီးဆုံး အခြေခံအကြောင်းရင်းကတော့ စိတ်ပညာပဲ"

ဟု ပြောသည်။ လင်းနက်က ဖြည်းလေးစွာနှင့်–

"ရှင်ပြောတာက အမှန်တွေပါဆိုရင်တောင် ကျွန်မကတော့ ဝန်ခံမှာ မဟုတ်ဘူး၊ စိတ်တော့ မရှိပါနဲ့၊ ဒါဖြင့် ကျွန်မတို့ ဘာဆက်လုပ်ရမလဲ၊ အတိတ်ကို ပြင်လို့မှ မရတော့တာ၊ ဖြစ်လာသမျှကိုပဲ ရင်ဆိုင်ရတော့မှာပေါ့"

ဟု ပြောသည်။ ပွိုင့်ရိုးက ခေါင်းညိတ်ကာ–

"မိန်းကလေးက သိပ်ဉာဏ်ပြေးပါတယ်၊ ဟုတ်တယ်၊ အတိတ်ကို ပြင်လို့ မရမှတော့ ဖြစ်လာသမျှကိုပဲ ရင်ဆိုင်ရမှာပဲ၊ မိန်းကလေး လုပ်ရမှာက ကိုယ်ပြုခဲ့တဲ့ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေကို ရဲရဲဝံ့ဝံ့ လက်ခံလိုက်ဖို့ပဲ"

ဟု ပြောသည်။ လင်းနက်က ဝေခွဲမရစွာဖြင့်–

"ဒါဆို ရှင်ပြောချင်တာက ကျွန်မအနေနဲ့ ဒီအတိုင်းပဲ လက်ပိုက်ပြီး ထိုင်ကြည့်နေရမယ်ပေါ့၊ ဘာမှ မတတ်နိုင်ဘူးပေါ့ ဟုတ်လား"

ဟု မေးသည်။ ပွိုင့်ရိုးက–

"သတ္တိရှိဖို့တော့ လိုမယ် မိန်းကလေးရဲ့၊ ကျုပ်ပြောချင်တာကတော့ ဒါပါပဲ"

ဟု ပြောသောအခါ လင်းနက်က သက်ပြင်းချ၍

"ရှင့်အနေနဲ့ ဂျက္ကလင်းကို ပြောပေးလို့ မရဘူးလားဟင်၊ အကျိုး အကြောင်းလေးဘာလေး ရှင်းပြပြီး..."

ဟု ပြောသည်။

mgyoe.com

SAMPLE BOOK

"ရပါတယ်၊ သူ့ကို ဖျောင်းဖျပေးလို့တော့ ရပါတယ်၊ မင်း ပြောပေးစေချင်ရင် ပြောပေးပါ့မယ်၊ ဒါပေမဲ့ မင်းဘက်ကလည်း သိပ်တော့ မျှော်လင့်မထားနဲ့ပေါ့၊ မစ္စဒဘဲလ်ဖိုတ်အနေနဲ့ ဒီအကြောင်း ခေါင်းထဲက ထုတ်မရမှာပဲ စိတ်ပူတယ်"

"ဒါဖြင့် ကျွန်မတို့ အခက်တွေ့တာကို ရှင်းလို့တော့ ရမှာပါနော်"

"သိပ်ရတာပေါ့ကွယ်၊ အင်္ဂလန် ပြန်ရောက်တဲ့အခါမှာသာ ကိုယ့်စံအိမ်ကြီးထဲမှာ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေလိုက်ပါ"

"ဒါပေမဲ့ ဂျက်ကလင်းက နယ်ကို လိုက်လာပြီး နေမယ်ဆိုရင်ကော၊ ဒါဆို ကျွန်မတော့ အပြင်ထွက်တာနဲ့ သူ့ကို တွေ့နေရမှာပေါ့"

"မှန်တာပေါ့"

"ပြီးတော့ ဆိုင်မွန်ကလည်း တစ်ချိန်လုံး သူ့ရန်က လွတ်အောင် ပြေးနေချင်မှာ မဟုတ်ဘူးနော်"

"သူကကော ဒီကိစ္စကို ဘယ်လို သဘောထားသလဲ"

"သိပ်စိတ်ဆိုးတာပေါ့"

ပွိုင့်ရိုးက တွေးတွေးဆဆဖြင့် ခေါင်းညိတ်တော့ လင်းနက်က သူ့အား သနားစဖွယ် လေသံဖြင့်–

"ရှင် သူ့ကို ပြောတော့ ပြောပေးမှာပါနော်"

ဟု မေးသည်။

"ပြောပေးမှာပါကွယ်၊ ဒါပေမဲ့ ကျုပ်အမြင်ပြောရရင်တော့ အောင်မြင်မှာ မဟုတ်လောက်ဘူး"

"ဂျက်ကလင်းကသိပ်စိတ်ကြီးတာနော်၊ သူ့ဘာလုပ်မလဲပြောလို့မရဘူး"

"သူက မင်းတို့ကို ဘယ်လို ခြိမ်းခြောက်ခဲ့လို့လဲ"

ပွိုင့်ရိုးက လှစ်ခနဲ ကောက်မေးလိုက်တော့ လင်းနက်က ပခုံးတွန့်ကာ

"သူက ကျွန်မတို့ နှစ်ယောက်စလုံးကို သတ်မယ်လို့တော့ ပြောတာပဲ၊ ဂျက်ကလင်းက တစ်ခါတစ်ခါ သိပ်ယုံရတာ မဟုတ်ဘူး"

ဟု ဖြေသည်။ ပွိုင့်ရိုးက လေးနက်စွာဖြင့်–

"သိပြီ"

ဟု ပြောသည်။ လင်းနက်က သနားစဖွယ် လေသံဖြင့်–

"ဒီလိုဆို ကျွန်မတို့အမှုကို ဆောင်ရွက်ပေးမှာပေါ့နော်"

ဟု မေးသည်။ ပွိုင့်ရိုးက ခိုင်မာသော လေသံဖြင့်–

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း၊ မဆောင်ရွက်ပေးပါဘူး မိန်းကလေးရယ်၊ မင်းဆီကလည်း ဝန်ဆောင်ခ မလိုချင်ပါဘူး၊ လူသားချင်း စာနာတဲ့အနေနဲ့သာ ကူညီပေးတာပါ၊ ပြီးတော့ အခုအခြေအနေက အန္တရာယ်လည်း များသလို ခက်လည်း ခက်တယ်၊ ကျုပ်က ကျုပ်ဖြေရှင်းနိုင်တဲ့ အမှုတွေပဲ ဆောင်ရွက်ပေးတတ်ပါတယ်၊ အခု ကိစ္စမှာတော့ ရာနှုန်းပြည့် အောင်မြင်လိမ့်မယ်လို့ မမျှော်လင့်ထားဘူး"

ဟု ပြောလိုက်သည်။

"ဒါဆို ကျွန်မရဲ့အမှုကို ရှင် လက်မခံဘူးပေါ့နော်"

"မခံပါဘူး မိန်းကလေး"

●

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ငါး

ကျောက်ဆောင်များပေါ်တွင် ထိုင်ကာ နိုင်းလ်မြစ်ကို အပေါ်စီးမှ ငေးမောနေသော ဂျက္ကလင်းဒဘဲလ်ဖို့တ်ကို ဟာကြူလီပွိုင့်ရိုး တွေ့သွားသည်။ ဂျက္ကလင်း တစ်ယောက် ညဘက်မှာ အိပ်ပျော်မှာ မဟုတ်မှန်း သိနေသလို ဟိုတယ် အပြင်ဘက် တစ်နေရာရာမှာ ရှိနေလိမ့်မည်မှန်း သေချာသိနေသည်။

သူမသည် လက်ဖဝါးနှစ်ဖက်ပေါ် မေးတင်ကာ ထိုင်နေသည်။ ပွိုင့်ရိုး အနားကပ်လာသည့်အသံကို ကြားသော်လည်း လှည့်မကြည့်ချေ။ ပွိုင့်ရိုးက–

"မစ္စဒဘဲလ်ဖို့တ်၊ ဦး မိန်းကလေးကို ခဏလောက် စကားပြောလို့ ရမလား"

ဟု မေးလိုက်သည်။ ဂျက္ကလင်းက ခပ်ယဲ့ယဲ့ ပြုံးရင်း ခေါင်းကို မဆိုစလောက် လှည့်ကြည့်ကာ

"ရပါတယ်၊ ဦးက မစ္စတာဟာကြူလီပွိုင့်ရိုး မဟုတ်လား၊ လာရင်း ကိစ္စကို မှန်းကြည့်မယ်နော်၊ ဦးက မစ္စက်ဒွိုင်းလ်အတွက် ဆောင်ရွက်ပေးနေ

mgyoe.com